# ခေတ်ပြိုင်

## သတင်းလွှာ




အတွဲ(၄)၊အမှတ်(၁၁)။ ၂၀၁၀ ခုနှစ်၊ဖေဖော်ဝါရီလ(၁၂)ရက်၊သောကြာနေ့

## CITY CENTER SHOPPING MALL အမည်ရှိ (၃)ထပ်အဆောက်အအုံ မကြာမီဖွင့်လှစ်မည်

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ (ယခင်လေဟာပြင်ဈေး) မြေနေရာတွင်CITY CENTER SHOPPING MALLအမည်ရှိ (၃)ထပ်အဆောက်အအုံ ဈေးတစ်ခုကို မကြာမီဖွင့်လှစ်မည်ဖြစ်သည်။ သို့သော် တရားဝင်ဖွင့်လှစ်ခြင်းမရှိသေးသော်လည်း ၂၀၀၉ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့ကစတင်ပြီး Soft Opening အနေဖြင့် ဆိုင်အချို့ စတင်ရောင်းချနေပြီဖြစ်ကြောင်း သိရသည်။ မြေအကျယ်အဝန်း၏ ၁၅ပုံတစ်ပုံခန့်ဧရိယာပေါ်တွင် ဆောက်လုပ်ထားသော (၃)ထပ်အဆောက်အအုံ၌ စူပါမားကတ်၊ ဖက်ရှင်ဆိုင်များ၊ စားသောက်ဆိုင်များ၊ Game စင်တာ၊ ကလေးကစားကွင်းနှင့် ဖျော်ဖြေရေးခန်းမတို့ပါဝင်မည်ဖြစ်ပြီး အဆောက်အအုံ၏ ပြင်ပဧရိယာကို ရန်ကုန်မြို့တွင်အကြီးဆုံးယာဉ်ရပ်နားစခန်းအဖြစ်ဖွင့်လှစ်ရန် ပြင်ဆင်နေကြောင်းသိရသည်။ မကြာမီဖွင့်လှစ်မည့် ယင်းစင်တာတွင် မြေညီထပ်၌အရောင်းစင်တာများ စားသောက်ဆိုင်အချို့တို့ ဖွင့်လှစ်နေပြီဖြစ်သည်။ဒုတိယထပ်တွင်ရှိသော ဖျော်ဖြေရေးခန်းမလည်း ခေတ်မီဆန်းပြားသော မီးရောင်စုံများဖြင့် ဖွင့်လှစ်နေပြီဖြစ်ကြောင်း သိရသည်။ အပေါ်ဆုံးထပ်တွင် Game စင်တာများ ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း သိရသည်။ (၁၂-၂-၂၀၁၀) ပြည်ထောင်စုနေ့တွင် Dancing Game ပြိုင်ပွဲကို နေ့လည်(၁)နာရီမှ စတင်၍ ကျင်းပမည်ဖြစ်ကြောင်းပြိုင်ပွဲကို Shopping Mall Promotion area တွင်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရှိရသည်။ လူငယ်တို့၏ ကျွမ်းကျင်လှပသော အကများကို အားပေးကြပါရန် ဖိတ်ခေါ်ထားကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၁၁ရက်နေ့ထုတ် Myanmar News Week ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံအတွက် သဘာဝဘေးအန္တရာယ်လျော့ပါးရေးစီမံချက် စတင်ရေးဆွဲ

ပြည်တွင်း၌ မြေငလျင်၊ မုန်တိုင်း၊ ဆူနာမီ၊ မီး စသော သဘာဝဘေးအန္တရာယ်များလျော့ပါးရေးအတွက် မြန်မာနိုင်ငံတွင် ပထမဆုံးဆောင်ရွက်နေသော "မြန်မာနိုင်ငံသဘာဝဘေးလျော့ပါးရေးလုပ်ငန်းစီမံချက်" ရေးဆွဲဆောင်ရွက်မှုကို အရှိန်မြှင့် လုပ်ဆောင်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။ စီမံချက်တွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အသေးစိတ်ရေးသားပြုစုထားသော လမ်းညွှန်စာအုပ်မှာ မကြာသေးမီက ပြီးစီးခဲ့ပြီဖြစ်သည်။ ထိုစာအုပ်ကို ပြည်တွင်းမှပညာရှင်များနှင့် တာဝန်ရှိသူများက စုဆောင်းထားသော သဘာဝဘေးအန္တရာယ်နှင့်သက်ဆိုင်သည့် အချက်အလက်များကို အခြေခံ၍ အာရှသဘာဝကြိုတင်ကာကွယ်ရေးဗဟိုဌာန၏ နည်းပညာအကူအညီဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ထိုစီမံချက်ကိုလူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ရေးဆွဲနေခြင်းဖြစ်ပြီး၊ တခြားသောအစိုးရဝန်ကြီးဌာနများ၊ မြေငလျင်ပညာရှင်၊ မိုးလေဝသပညာရှင်စသော ဘာသာရပ်ဆိုင်ရာပညာရှင်များနှင့် ပူးပေါင်းရေးဆွဲနေခြင်းဖြစ်သည်။ ဟိုဂိုသဘောတူညီချက်အရ ကုလသမဂ္ဂမှ ချမှတ်ထားသော ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းစဉ် ၅ရပ်ကို အခြေခံ၍ စီမံချက်၌ အသေးစိတ်ရေးဆွဲထားကြောင်း ထိုစီမံချက်ရေးဆွဲမှုတွင်ပါဝင်သော ပညာရှင်တချို့ထံမှ သတင်းရရှိသည်။ ထိုအချက် ၅ချက်မှာ သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက်မူဝါဒများချမှတ်ခြင်းနှင့် အခြေခံအဖွဲ့အစည်းများဖွဲ့စည်းခြင်း၊ မည်သည့်သဘာဝဘေးအန္တရာယ်ကမြန်မာနိုင်ငံအတွက် ပို၍ အန္တရာယ်ကြီးသည်ကို သိရှိပြီး စောင့်ကြည့်မှုနှင့်သတိပေးစနစ်များထားရှိခြင်း၊ လူထုသို့ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်သော ဗဟုသုတများပိုရှိလာရန် ပညာပေးခြင်း၊ သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ပြင်ဆင်ထားပြီး၊ ကြုံတွေ့လာပါက ထိရောက်မှုရှိစွာ တုံ့ပြန်ခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ရန် ပို၍ နီးစပ်သောအခြေအနေများကို လျော့ချခြင်း (ဥပမာ-မြေအနေအထားနှင့် သဘာဝပတ်ဝန်းကျင်ကို စနစ်တကျစီမံခန့်ခွဲခြင်း၊ စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သော အလေ့အထကောင်းများ လေ့ကျင့်ရေး၊ မြေနေရာနှင့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် စံသတ်မှတ်ချက်များထားရှိခြင်း တို့ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၁၁ရက်နေ့ထုတ် 7 Day News သတင်းစာတွင် ဖော်ပြထားပါသည်။

## စူပါမားကတ်နှင့်စတိုးဆိုင်ကြီးများသို့ ငွေအကြွေ (၁၀)သိန်းအထိလဲလှယ်ပေးမည်

City Mart စူပါမားကက်နှင့် စတိုးဆိုင်ကြီးများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လူအများလာရောက်ဝယ်ယူသော နေရာသို့ ငွေအကြွေများအသုံးပြုနိုင်ရန် အတွက် ဆိုင်ကြီးမားမှုအပေါ်မူတည်၍ ၅သိန်းမှ ၁၀သိန်းအထိ လဲလှယ်ရန်အတွက် ဗဟိုဘဏ်သို့လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။ "လဲပေးမယ်ဆိုတာက City Martစူပါမားကက်ကြီးတွေ၊ လူအရောက်အပေါက်များတဲ့ စတိုးဆိုင်ကြီးတွေကိုပါ တစ်ကြိမ်ပဲလဲပေးမှာပါ။ လာရောက်ဝယ်ယူသူတွေကိုဒီကလဲပေးလိုက်တဲ့ငွေအကြွေအသစ်တွေအမ်းပေးဖို့ပါ။ နောက်ပိုင်းမှာဆိုင်မှာလာဝယ်တဲ့ ငွေအဟောင်းအနွမ်းတွေ၊ အကြွေတွေကို သိမ်းထားပြီး ဗဟိုဘဏ်မှာအသစ်တွေနဲ့ပြန်ပြီးလဲစေချင်ပါတယ်။ အဲဒါမှ ပြည်သူလူထုလက်ထဲ ငွေအကြွေအသစ်တွေ ရောက်ရှိနိုင်မှာပါ။ ငွေအကြွေလိုချင်တဲ့ စတိုးဆိုင်ကြီးတွေ၊ စူပါမားကက်ကြီးတွေကနေ လျှောက်လွှာအပြည့်အစုံ၊ နေရပ်လိပ်စာ၊ မှတ်ပုံတင်နံပါတ်နဲ့ လျှောက်ထားပြီး လာရောက်လဲလှယ်နိုင်ပါတယ်။ အရင်ကလည်း ငွေအကြွေတွေ လဲပေးနေတာပါပဲ။ ဆိုင်ကြီးတွေကနေ အကြွေအသစ်တွေအမ်းပြီး အဟောင်းအနွမ်းအကြွေတွေ ဘဏ်ကိုပြန်လည်ရောက်ရှိလာဖို့ပါပဲ" ဟု ဗဟိုဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောပါသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ငွေလွှဲကောင်တာနှင့် ရန်ကုန်မြို့ပေါ်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲနှင့် သန်လျင်ဘဏ်များတွင်ယခင်ကတနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့များတွင်သာ ငွေစက္ကူဟောင်းများအား လဲလှယ်နိုင်ပြီး ၂၀၀၉ခုနှစ် နိုဝင်ဘာလ တတိယပတ်မှစတင်၍ ရုံးဖွင့်ရက်နေ့စဉ်တိုင်း လဲလှယ်ပေးခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနှင့် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ဆောင်ရွက်နေသည့် မော်တော်ယာဉ်လိုင်းများ၊ ဈေးများမှတစ်ဆင့် ပြည်သူလူထုလက်ဝယ် တိုက်ရိုက်ရောက်ရှိစေရန်ရည်ရွယ်၍ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဈေးများ ဌာနနှင့် ရန်ကုန်တိုင်း မောတော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီတို့ကို ၂၀၀၈ခုနှစ် ဇန်နဝါရီလမှစတင်၍ အပတ်စဉ် ကျပ်သိန်း ၁၀၀ကျော်၊ နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှနေပြည်တော်စည်ပင်သာယာရေးကော်မတီဈေးများဌာနနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် မန္တလေးဘဏ်ခွဲမှ မန္တလေးမြို့တော်စည်ပင်သာယာရေးဌာနများသို့ ၂၀၀၈ခုနှစ် အောက်တိုဘာလမှစတင်၍ အပတ်စဉ် ကျပ်သိန်း ၃၀ ကျော်တို့ကို လဲလှယ်ပေးလျက်ရှိရာမှ ယခုအခါတွင် လူအများအရောက်အပေါက်များသည့် စူပါမားကတ်ကြီးများ၊ စတိုးဆိုင်ကြီးများ၊ City Mart များသို့ ငွေအကြွေလဲလှယ်ပေးရန် စီစဉ်လာကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်နေ့ထုတ် News Watch ဂျာနယ်တွင် ဖော်ပြထားပါသည်။

## CDMA ဖုန်းဟန်းဆက်နှင့် WCDMA ဖုန်းဟန်းဆက်မှားယွင်းစွာဝယ်ယူခြင်းများဖြစ်ပေါ်

CDMA ဖုန်းနှင့် WCDMAဖုန်းဟန်းဆက်များဝယ်ယူရာတွင် လွဲမှားစွာဝယ်ယူမှုများဖြစ်ပေါ်တတ်၍ ဝယ်ယူသူများအနေဖြင့် သတိပြုဝယ်ယူရန် လိုအပ်လာကြောင်းမိုဘိုင်းဖုန်းဆိုင်များထံမှ သိရသည်။ CDMA 800 MHz ဟန်းဆက်များမှာယခင်ရှိနှင့် ပြီးသားဖြစ်သည့် CDMA မိုဘိုင်းနှင့် CDMA Fixed ဖုန်းများအတွက် အသုံးပြုရခြင်းဖြစ်ပြီး CDMA 450 MHz အဖြစ်ဆော့ဖ်ဝဲများသွင်းကာ ပြောင်းလဲအသုံးပြု၍ ရကြောင်း၊ လက်ရှိနယ်ဒေသများမှ လာရောက်ဝယ်ယူသူများ အနေဖြင့် WCDMA နှင့် CDMA ဖုန်းများကိုမှားယွင်းစွာဝယ်ယူမိခြင်းများရှိကြောင်းသိရသည်။ "ကမ်းရိုးတန်းဖုန်းCDMA 450 MHz လား WCDMA လား သေသေချာချာ မပြောပြတတ်ရင် မိမိဆီမှာရှိတဲ့ဖုန်းနံပါတ်အစကိုပြောပြီး ဝယ်ရင်ရပါတယ်။ CDMA 450 MHz ဆိုရင် ၀၉၈၆ နဲ့စပါတယ်။ ရောင်းချသူတွေအနေနဲ့လည်း အလွယ်တကူ ခွဲခြားသိရှိနိုင်ပါတယ်" ဟု ဗိုလ်အောင် ကျော်လမ်းရှိ New Mobile ဖုန်းဆိုင်မှ တာဝန်ရှိသူတစ်ဦးကရှင်းပြသည်။ ယခင်က 450MHz ကို 800MHz ဟန်ဆက်ဖြင့် ပြောင်းလဲအသုံးပြု၍ ရရှိခဲ့သော်လည်းလက်ရှိတွင်မရရှိတော့ကြောင်းသိရသည်။ လက်ရှိ မိုဘိုင်း ဖုန်းဟန်းဆက် ဈေးကွက်တွင် CDMA နှင့် WCDMA ဟန်းဆက်များတွင်ကျယ်နေပြီး အထူးသဖြင့် နယ်ဒေသများမှ လာရောက်ဝယ်ယူမှုများကြောင်း၊ ရန်ကုန်မြို့အနေဖြင့် Nokia, Samsung တံဆိပ်ဟန်းဆက်များ အရောင်းသွက်ပြီး Iphoneသုံးစွဲမှုမှာလည်းမြို့ပြလူထုအတွင်းတွင်ကျယ်လာကြောင်း၊ ကျပ်ငါးသိန်းတန်အထိုင်ဖုန်းများကိုလည်းစိတ်ဝင်တစားလျှောက်ထားလိုသူအများအပြားရှိကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၈ရက်နေ့ထုတ် Commerce ဂျာနယ်တွင်ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း မှ အဆက်

## လက်ရှိထုတ်လွှင့်လျက်ရှိသော MRTV-3 အစီအစဉ်များအားအသွင်သဏ္ဍာန်ရော အနှစ်သာရပါ ပြောင်းလဲသစ်ဆန်းစေလျက် Myanmar International ရုပ်သံလိုင်းအမည်ဖြင့် ထုတ်လွှင့်တင်ဆက်ပေးသွားမည်

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ လက်ရှိထုတ်လွှင့်လျက်ရှိသောMRTV-3 အစီအစဉ်များအားအမျိုးသားရေးအဖြစ်မှန်ဖြစ်ပေါ်တိုးတက်မှုအခြေအနေမှန်များကို ကမ္ဘာတစ်ဝန်းလုံးမှသိရှိစေရန်၊ ပြည်ပရောက် မြန်မာနိုင်ငံသားများအနေဖြင့်အမိနိုင်ငံကိုအလွမ်းပြေကြည့်နူးနှစ်သိမ့်မှုရရှိစေရန် ၊ မြန်မာ့အလှ၊မြန်မာ့သဘာဝနှင့်ပကတိအခြေအနေမှန်များကို နိုင်ငံတကာပရိသတ်များသိရှိနားလည်နိုင်စေရန်ဟူသော ရည်ရွယ်ချက်များဖြင့် အသွင်သဏ္ဍာန်ရောအနှစ်သာရပါပြောင်းလဲလျက်Myanmar Internationalရုပ်သံလိုင်းအမည်ဖြင့် ၂၀၁၀ခုနှစ်ဖေဖော်ဝါရီ ၁၁ရက်မှ စတင်ထုတ်လွှင့်သွားမည်ဖြစ်သည်။ Myanmar International အစီအစဉ်များကိုအဆင့်နှစ်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာဖေဖော်ဝါရီ၁၁ရက်မှမတ် ၂၆ရက်အထိ အကြိုစမ်းသပ်ထုတ်လွှင့်မှုအဖြစ် သတ်မှတ်ပြီးမတ် ၂၇ရက်မှစတင်၍ပုံမှန်ထုတ်လွှင့်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ပုံမှန်ထုတ်လွှင့်မည့်အစီအစဉ်များအတွက်နိုင်ငံတကာအဆင့်မီတည်းဖြတ်ထုတ်လုပ်ထားသောDocumentaryအစီအစဉ်များ၊Current Affairs အစီအစဉ်များအတွက် နမူနာများ (Programs trailers)၊ Branding trailers များ၊Myanmar Internationalသတင်းအစီအစဉ်တွင်တင်ဆက်သူများအဖြစ်ပါဝင်ထမ်းဆောင်မည့်ပြည်ပမှသတင်းတင်ဆက်သူများ (News Presenters)၏နှုတ်ခွန်းဆက်သမှုများကို အကြိုစမ်းသပ်ထုတ်လွှင့်မှုအစီအစဉ်များတွင် MRTV-3 ပုံမှန်အစီအစဉ်များနှင့်အတူ ထည့်သွင်းထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။ အစီအစဉ်များ ပုံမှန် ထုတ်လွှင့်ချိန်တွင်မူ နိုင်ငံတကာအဆင့်မီ Documentary, Current Affairs Programs များအပြင် သတင်းအစီအစဉ်များကိုပါနိုင်ငံတကာစံနှုန်းများနှင့်အညီပြုစုရေးသားလျက်နိုင်ငံတကာအဆင့်မီ ပြည်ပမှသတင်းတင်ဆက်သူများက အစီရင်ခံတင်ပြသွားကြမည်ဖြစ်သည်။ Myanmar International ရုပ်သံအစီအစဉ်များကို နိုင်ငံတကာပရိသတ်များအနေဖြင့် ၂၄နာရီပတ်လုံးကြည့်ရှုနိုင်စေရေးအတွက် ကမ္ဘာတစ်ဝန်း လွှမ်းခြုံထုတ်လွှင့်နိုင်ရန် စီစဉ်ထားရှိသည့်အပြင် ပြည်တွင်းပရိသတ်များအတွက်လည်း MRTV နံနက်ပိုင်း အစီအစဉ်များအပြီး ၀၉း၀၀ နာရီမှ ၁၁း၀၀နာရီအထိ ဆက်လက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်ဖော်ပြထားပါသည်။

## မြန်မာနိုင်သားများ ဘဏ်မှ စုဆောင်းငွေများကို အကန့်အသတ်မရှိ လက်ခံတော့မည်

စုဆောင်းငွေအပ်နှံခြင်းကို အကန့်အသတ်ဖြင့်သာ လက်ခံဆောင်ရွက်ပေးသော မြန်မာနိုင်ငံသားဘဏ်သည် ယခုလမှစတင်၍ စုဆောင်းငွေများအားအကန့်အသတ်မရှိလက်ခံဆောင်ရွက်ပေးတော့မည်ဖြစ်ကြောင်း ယင်းဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောသည်။ ယခင်က မြန်မာနိုင်ငံသားများဘဏ်၌ စုဆောင်းငွေအပ်နှံခြင်းကိုသိန်းကျပ်၅၀အထိသာလက်ခံဆောင်ရွက်ခဲ့သည်။ စုဆောင်းငွေထပ်မံတိုးချဲ့၍ လက်ခံဆောင်ရွက်ခြင်းကို ဇန်နဝါရီလ ၂၂ရက်တွင်ဗဟိုဘဏ်မှခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်းယင်းပုဂ္ဂိုလ်က ပြောသည်။ "အရင်က ၁၅သိန်း "လက်ခံရာကနေ ၃၀သိန်း၊ သိန်း ၃၀ကနေ သိန်း ၅၀၊ အခုမှ ၅၀သိန်း အထက်လက်ခံပေးနေပါတယ်။ အဲဒီလိုလက်ခံရမယ့်ညွှန်ကြားချက်ကို ပြီးခဲ့တဲ့လ ၂၂ရက်ကတည်းက ရတာပါ"ဟု အထက်ပါ တာဝန်ရှိပုဂ္ဂိုလ်ကပြောသည်။ အတိုးနှုန်းများကို ဗဟိုဘဏ်မှ ချမှတ်ထားသော အတိုးနှုန်းများအတိုင်း ၁၂ရာခိုင်နှုန်းပေးမည်ဖြစ်ပြီး၊ အတိုးနှုန်းပေးခြင်းကို ယခင်တစ်နှစ်တစ်ခါပေးခြင်းမှ သုံးလလျှင်တစ်ကြိမ်ပေးမည်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောသည်။ မြန်မာနိုင်ငံသားများဘဏ်သည် နိုင်ငံတော်ငွေကြေး ၅၅ရာခိုင်နှုန်းနှင့်အများပြည်သူငွေကြေး ၄၅ရာခိုင်နှုန်းထည့်ဝင်တည်ထောင်ထားသော အစိုးရနှင့် ပုဂ္ဂလိက ဖက်စပ်ဘဏ်ဖြစ်သည်။ အဆိုပါဘဏ်မှ ချေးငွေများထုတ်ချေးရာတွင်လည်း တစ်နှစ်လျှင် ၁၇ရာခိုင်နှုန်းသာအတိုးပေးသွင်းရသည်။ ဘဏ်တွင် စုဆောင်းငွေစာရင်းဖွင့်လိုသူများသည်သန်းခေါင်စာရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြားများတင်ပြ၍မူလစာရင်း ဖွင့်ထားသူ ၂ဦး၏ ထောက်ခံချက်လည်းလိုအပ်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၁၁ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြို့ပြနေလူထု ဘေးအန္တရာယ်ကင်းစင်သော အစားအသောက်ရရှိရေးမှာ အရေးကြီးသော အကြောင်းအရင်းဖြစ်လာ

ကမ္ဘာ့လူဦးရေ၏ တစ်ဝက်ခန့်မှာ မြို့ပြဒေသများတွင် နေထိုင်ကြပြီး နှစ်စဉ်လူဦးရေသန်းပေါင်းများစွာသည် အစားအသောက်များမှတစ်ဆင့်ကူးစက်သောရောဂါများကြောင့်သေဆုံးရလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ ထုတ်ပြန်သောစာရင်းဇယားများအရ သိရှိရသည်။ မြို့ပြများတွင် နေထိုင်သူများအနေဖြင့်အစားအသောက်အတွက် တစ်ဆင့်ပြန်လည်ရောင်းချသူများထံတွင် မှီခိုနေရပြီး သန့်ရှင်းလတ်ဆတ်မှုနှင့် ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်တစ်ခုရရှိရန် ရွေးချယ်ပိုင်ခွင့်နည်းကြောင်း သိရသည်။ နေ့စဉ်စားသုံးနေရသော အခြေခံအစားအစာများ၏ အရည်အသွေးမှာလည်းဝယ်ယူရာနေရာဒေသကိုလိုက်၍အပြောင်းအလဲရှိနေသကဲ့သို့ ဝင်ငွေ၏ ရာခိုင်နှုန်းအတော်များများမှာအစားအသောက်အတွက် သုံးစွဲနေရလျက်ရှိသည်။ သို့ရာတွင် ထိုအစားအသောက်များ၏ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် ပတ်သက်၍မူ အာမခံချက်တစ်စုံတစ်ရာမျှ ရရှိကြခြင်းမရှိဟု လေ့လာသူများကဆိုသည်။ အစားအသောက်တစ်ခု ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆိုလျှင် ထုတ်လုပ်သော လယ်ယာလုပ်ငန်းခွင်မှသည် မီးဖိုဆောင်ဆီသို့ ရောက်ရှိသည်အထိ ကောင်းမွန်သော သိုလှောင်မှုစနစ်ရှိရန်လည်း လိုအပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ၁၂ရာသီစိုက်ပျိုးထုတ်လုပ်နိုင်ခြင်းကြောင့် သိုလှောင်မှုစနစ်တွင် ပြဿနာကြီးကြီးမားမားမရှိသေးသော်လည်းလက်လီဈေးကွက်ဖြန့်ဖြူးရောင်းချသည့်အခါ ပြုပြင်ရန်အချက်အလက်အချို့ရှိနေသေးကြောင်း လေ့လာသူများကဆိုသည်။လက်ရှိအချိန်တွင် ဘေးအန္တရာယ်ကင်းရှင်းသောအစားအသောက်၊ ကျန်းမာရေးနှင့် ကိုက်ညီသည့် အစားအသောက်ရရှိရေးအတွက် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများဘက်မှ ပြုပြင်ရန် အချက်အလက်များရှိနေသကဲ့သို့ စားသုံးသူများအနေဖြင့်လည်း မိမိတို့ဝယ်ယူစားသောက်မည့်အစားအသောက်၌ အာဟာရမျှတစွာစားသုံးနိုင်ရန်နှင့် သန့်ရှင်းလတ်ဆတ်မှုကို သတိပြု၍ ရွေးချယ်ဝယ်ယူနိုင်ရန်လည်း အရေးပါကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် အစားအသောက်နှင့် ပတ်သက်သောစားသုံးသူ၏ အခွင့်အရေးကိုအကာအကွယ်ပေးထားသည့်ဥပဒေများလည်းပြဋ္ဌာန်းပြီးစီးပြီဖြစ်သည်။ ထုတ်လုပ်သူနှင့်စားသုံးသူတို့အကြားအပြန်အလှန် အလေးထားမှုရှိလာလျှင် မလိုလားအပ်သော ဘေးထွက်ဆိုးကျိုးဖြစ်သည့် ရောဂါဆိုးများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ အဓိကအရေးပါဆုံးမှာ ဘေးအန္တရာယ် ကင်းရှင်းသော အစားအသောက်ရရှိရေးပင်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၁၀ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း

## ပုဂ္ဂလိကဘဏ်အချို့ ဘဏ်ခွဲများ တိုးချဲ့ဖွင့်ခွင့်ပြန်ရ

ပုဂ္ဂလိကဘဏ်လုပ်ငန်းများကို အကန့်အသတ်ဖြင့်လုပ်ကိုင်ခွင့်ပြုထားသည့် ကာလအတွင်း ကမ္ဘောဇဘဏ်နှင့် အများပိုင်ဘဏ်တစ်ခုဖြစ်သည့် ပထမပုဂ္ဂလိကဘဏ်တို့အပါအဝင် ဘဏ်ခွဲအချို့သည် နေပြည်တော်ရှိ ဘဏ်ရုံးချုပ်အဆောက်အအုံသစ်များ အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းတွင် ဘဏ်ခွဲသစ်များကို တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိခဲ့ကြောင်း ပထမပုဂ္ဂလိကဘဏ်လီမိတက်ဥက္ကဋ္ဌ ဒေါက်တာစိန်မောင်ကပြောကြားသည်။ "၂၀၀၁ခုနှစ်ကတည်းက ဘဏ်ခွဲဖွင့်ခွင့်ပိတ်ထားတာ။အခုမှ ပြန်ခွင့်ပြုတာ။ ဘဏ်ခွဲဖွင့်ခွင့်စာရင်းတင်ထားတာတော့ကြာပြီ။ အခု ချပေးတာလည်းတင်ထားတဲ့ စာရင်းအတိုင်း ဦးစားပေး အစဉ်လိုက်ချပေးတာ" ဟု ၎င်းကဆိုသည်။လက်ရှိရန်ကုန်ဘဏ်ရုံးအပါအဝင်မြန်မာနိုင်ငံတစ်ဝန်းဘဏ်ခွဲအရေအတွက် ၁၆ခု ဖွင့်လှစ်ထားသည့် ပထမပုဂ္ဂလိကဘဏ်သည် ယင်း၏ နောက်ဆုံးဘဏ်ခွဲသစ်ဖြစ်သည့် မော်လမြိုင်ဘဏ်ခွဲကို ၂၀၀၉ခုနှစ် အောက်တိုဘာလ ၁၉ရက်နေ့တွင် ဖွင့်လှစ်ခဲ့ကြောင်း၊ ယခုအခါ ရန်ကုန်ဘဏ်ရုံးချုပ်၊ ဘုရင့်နောင်၊ မန္တလေး၊ မုံရွာ၊ သိမ်ကြီးဈေး၊ ပြည်၊ ဟင်္သာတ၊ ကျောက်ပန်းတောင်း၊ ပခုက္ကူ၊ မကွေး၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း အောင်ပန်း၊အလုံနှင့် မော်လမြိုင်ဘဏ်ခွဲတို့ကို ဖွင့်လှစ်ဝန်ဆောင်မှုပေးလျက်ရှိပြီး မကြာမီ နေပြည်တော်ဘဏ်ရုံးချုပ်နှင့် တောင်ကြီးနှင့် ကလေးမြို့ဘဏ်ခွဲတို့ကို ထပ်မံတိုးချဲ့ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း ၎င်းကဆိုသည်။ အလားတူ ကမ္ဘောဇဘဏ်သည် တောင်ငူ၊ မြင်းခြံ နှင့် ပုသိမ်ဘဏ်ခွဲများကို ၂၀၀၉ခုနှစ်အတွင်း ထပ်မံတိုးချဲ့ဖွင့်လှစ်ခွင့်ရရှိခဲ့ပြီး ယင်းဘဏ်ရုံးချုပ် အဆောက်အအုံအသစ်ကို နေပြည်တော်၌ တည်ဆောက်နေလျက်ရှိရာ ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတော်တစ်ဝန်းဘဏ်ခွဲအရေအတွက် စုစုပေါင်း ၃၃ခု ဖွင့်လှစ်ထားပြီဖြစ်ကြောင်း သိရသည်။ စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့တွင်လည်း ကမ္ဘောဇဘဏ်ခွဲဖွင့်လှစ်ရန် မြေနေရာ ရှာဖွေလျက်ရှိပြီး ပိတောက်သိင်္ဂီ ခန်းမနေရာကို ကျပ်သိန်းသုံးထောင်ဖြင့် ဝယ်ယူရန် ညှိနှိုင်းနေကြောင်းသိရသည်။ မြန်မာနိုင်ငံ၌ ဘဏ်ခွဲအရေအတွက်အများဆုံးဖွင့်လှစ်ထားသည့် ပုဂ္ဂလိကဘဏ်မှာ ဘဏ်ခွဲ ၄၂ ခု ဖွင့်လှစ်ထားသော ရိုးမဘဏ်ဖြစ်ပြီး ငွေလွှဲပို့ခြင်းလုပ်ငန်းကိုသာ အားထားဆောင်ရွက်နေသည်ကို တွေ့ရကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၈ရက်နေ့ထုတ် The Voice ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပြည်ထောင်စုမြန်မာနိုင်ငံတော် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ ပုဂ္ဂလိကကဏ္ဍသို့ စက်သုံးဆီရောင်းချရေး လုပ်ငန်းလုပ်ကိုင်ရန် အဆိုပြုလွှာခေါ်ယူခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍအတွက် စက်သုံးဆီဖြန့်ဖြူးရန် ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ လွှတ်လပ်စွာလုပ်ပိုင်ခွင့်ပြုပြီး အရည်အသွေးမှန်၍ သင့်တင့်သောဈေးနှုန်းဖြင့် အဆင်ပြေချောမွေ့စွာ ရောင်းချနိုင်ရေးတွက် စီမံဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက် ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ စက်သုံးဆီအရောင်းဆိုင်(၂၄၆)ခုကို ပုဂ္ဂလိကကဏ္ဍသို့ စက်သုံးဆီ ရောင်းချရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် စဉ်ဆက်မပြတ်လုပ်ကိုင်နိုင်မည့် ခိုင်မာသည့် နိုင်ငံသား အပုဂ္ဂလိက လုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများသို့ ရောင်းချမည်ဖြစ်ပါသည်။ ပုဂ္ဂလိကပိုင် ပြုလုပ်ရေး ကော်မရှင်မှ ရောင်းချမည့် ပြည်နယ်နှင့်တိုင်းအလိုက် စက်သုံးဆီအရောင်းဆိုင်များမှာ ရန်ကုန်တိုင်းတွင် ၅၂ဆိုင်၊ မန္တလေးတိုင်းတွင် ၃၉ဆိုင်၊ ပဲခူးတိုင်း(အရှေ့)တွင် ၁၉ဆိုင်၊ ပဲခူးတိုင်း(အနောက်)တွင် ၁၈ဆိုင်၊ မကွေးတိုင်းတွင် ၁၅ဆိုင်၊ စစ်ကိုင်းတိုင်းတွင် ၁၄ဆိုင်၊ မွန်ပြည်နယ်တွင် ၁၆ဆိုင်၊ တနင်္သာရီတိုင်းတွင် ၆ဆိုင်၊ဧရာဝတီတိုင်းတွင်၂၇ဆိုင်၊ကချင်ပြည်နယ်တွင် ၇ဆိုင်၊ ကရင်ပြည်နယ်တွင် ၂ဆိုင်၊ ချင်းပြည်နယ်တွင် ၁ဆိုင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ၉ဆိုင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင်၁၄ဆိုင်၊ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ၁ဆိုင်၊ ရခိုင်ပြည်နယ်တွင် ၆ဆိုင်၊ စုစုပေါင်း ၂၄၆ဆိုင်ဖြစ်ပါသည်။ ရောင်းချမည့် စက်သုံးဆီဆိုင်များ၏ အသေးစိတ်အချက်အလက်များ၊ ပုဂ္ဂလိကကဏ္ဍမှစက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်း အစီအစဉ်အသေးစိတ်တို့အား သိရှိလိုပါက ဦးသာထွန်းဖံ(ညွှန်ကြားရေးမှူး) မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၊ ဖုန်းနံပါတ်-၀၆၇-၄၁၁၁၁၇၊ ရုံးအမှတ်(၆)၊ နေပြည်တော်သို့ ဆက်သွယ် စုံစမ်း နိုင်ပါသည်။ စက်သုံးဆီတင်သွင်းရာ၌ ရန်ကုန်တိုင်းသီလဝါဆိပ်ကမ်းနယ်မြေတွင်ပုဂ္ဂလိကပိုင်စက်သုံးဆီဆိပ်ခံတံတားတည်ဆောက်ခြင်း၊တင်သွင်းလာသော စက်သုံးဆီများကို သိုလှောင်ရေးအတွက် စက်သုံးဆီ သိုလှောင်ကန်များ တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ ဆိပ်ကမ်းမြေနေရာ ရရှိရေး ကိစ္စရပ်များအတွက် ဦးသိန်းဌေး (ဦးဆောင်ညွှန်ကြားရေးမှူး) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဖုန်းနံပါတ်-၀၁-၃၇၉၁၄၂၊ ၀၆၇-၄၁၀၀၃၇၊ ဆိပ်ကမ်းအာဏာပိုင်ရုံး၊ ရန်ကုန်သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ရန်ကုန်မြို့ပေါ်ရှိ အမှတ်(၃) လမ်းမကြီး တစ်လျှောက်၊ အမှတ်(၄)လမ်းမကြီးတစ်လျှောက်၊ လှိုင်မြစ်အနောက်ခြမ်း အပါအဝင် အခြားသောနေရာများ တွင် စက်သုံးဆီ အရောင်းဆိုင်များ၊ ဆီသိုလှောင်ကန်၊ ဆီသိုလှောင်စခန်းများ တည်ဆောက်လိုပါက မြေနေရာ ရရှိရေးအတွက် မြို့တော်ဝန်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ ဆက်သွယ် ဆောင်ရွက်နိုင်ပါသည်။ ဒေသအသီးသီးတွင် ပုဂ္ဂလိကသို့လွှဲပြောင်းရောင်းချမည့်စက်သုံးဆီအရောင်းဆိုင်များအပြင်စက်သုံးဆီအရောင်းဆိုင်အသစ်များ၊ စက်သုံးဆီသိုလှောင်ကန်၊ သိုလှောင်စခန်းများ အသစ်ဆောက်လုပ်ရန် မြေနေရာနှင့်ပတ်သက်၍ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ ဖော်ပြပါ စက်သုံးဆီအရောင်းဆိုင် (၂၄၆)ဆိုင် မိမိဝယ်ယူလိုသည့် မြို့များမှဆိုင်များအတွက်ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး၊ရုံးအမှတ်(၃၂)၊ နေပြည်တော်သို့ အဆိုပြုလွှာများ တင်သွင်းရမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၅ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် (၂၀၁၀ပြည့်နှစ်၊ ဖေဖေါ်ဝါရီလ ၁၁ရက်နေ့မှ ၁၇ရက်နေ့အထိ)

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အောတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

တနင်္သာရီတိုင်းတို့တွင် နှစ်ရက်ခန့်နေရာကွက်ကျား မိုးရွာနိုင်ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့်စစ်ကိုင်းတိုင်းအထက်ပိုင်းမန္တလေးတိုင်းနှင့်ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာမည်။

ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် လျော့နည်းကာ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနဲ့ မကွေးတိုင်းတို့တွင် ဖေဖေါ်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် အနည်းငယ်ပိုပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိမည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနဲ့ ရန်ကုန်တိုင်းတို့တွင် သုံးရက်မှ ငါးရက်ခန့်နှင့် ကျန်ပြည်နယ် နှင့်တိုင်းတို့တွင် နှစ်ရက်ခန့်နံနက်ပိုင်းတွင်မြူထူများဆိုင်းနိုင်ပါသည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ဗန်းမော်မြို့၊ကသာမြို့တို့တွင် ၃၀စင်တီမီတာ(တစ်ပေခန့်)လက်ရှိရေမှတ်များ၏အထက်မြင့်တက်လာနိုင်ပြီးမန္တလေးမြို့၊စစ်ကိုင်းမြို့၊ ညောင်ဦးမြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင်၁၅စင်တီမီတာ(ပေဝက်ခန့်)လက်ရှိရေမှတ်များ အောက်ကျဆင်းနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅စင်တီမီတာ(ပေဝက်ခန့်)လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်ပါသည်။

# နိုင်ငံတကာသတင်း

## ဂရိနိုင်ငံအား ကူညီရန် ဥရောပသမဂ္ဂ လက်နေး

ဂရိနိုင်ငံ၏ အစိုးရကြွေးမြီပြဿနာသည် ဥရောပငွေကြေး ယူရို၏ တန်ဘိုးကို ထိခိုက်စေခဲ့သည်။ဘရပ်ဆဲမြို့ တွင်ကြာသပတေးနေ့ကကျင်းပသောထိပ်သီးအစည်းအဝေးပွဲ၌ ဥရောပသမဂ္ဂအနေဖြင့် ဂရိနိုင်ငံ၏ ဆောင်ရွက်ချက်များကို ထောက်ခံကြောင်း ဖော်ပြသော်လည်း ဂရိနိုင်ငံအား ကူညီနိုင်မည့် အစီအစဉ် အသေးစိတ် တစ်ခုမျှ မပေးနိုင်ခဲ့ချေ။ ဤကိစ အပေါ်တွင် ဂရိဝန်ကြီးချုပ် အနေဖြင့် များစွာစိတ်မချမ်းမသာဖြစ်၍ ဥရောပသမဂ္ဂတွင် အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမရှိကြောင်း ဂရိနိုင်ငံ၏ ယုံကြည်စိတ်ချရမှုကိုလည်း ပျက်ပြားစေခဲ့ကြောင်းဖြင့် ရုပ်မြင်သံကြားမှ ထုတ်ဖော်ပြောဆိုသည်။ လောလောဆယ်တွင် ဂရိနိုင်ငံ၏ ကြွေးမြီများသည် သတ်မှတ်ထားသည်ထက် လေးဆမျှ ပိုမိုနေခဲ့သည်။ လွန်ခဲ့သော ရက်များအတွင်းက ဝန်ထမ်းများ၏ လစာများကို ထိန်းချုပ်၍ အငြိမ်းစားယူနိုင်မည့် အသက်ကိုလည်း တိုးမြှင့်ခဲ့ခြင်းကြောင့် ဝန်ထမ်းများ ဆန္ဒပြမှုနှင့် ကြုံတွေ့ခဲ့ရသည်။(ဘီဘီစီ)

## အီရန်အစွလာမ်မစ်ကုမ္ပဏီများအပေါ် အမေရိကန်တိုးချဲ့ပိတ်ဆို့

အမေရိကန်ဘဏ္ဍာရေးဌာနသည် အီရန်အစွလာမ်မစ်တော်လှန်ရေးတပ်ဖွဲ့များနှင့် ဆက်နွယ်လျက်ရှိသော ကုမ္ပဏီများအပေါ် စီးပွားရေးအရ ပိတ်ဆို့မှုများ ထပ်မံပြုလုပ်လိုက်ပြီဟု သိရသည်။ အစောင့်တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဆောက်လုပ်ရေးကုမ္ပဏီရုံးချုပ်တို့အပေါ် စီးပွားရေးအရ ပိတ်ဆို့လိုက်ခြင်းဖြစ်သည်။ khatam al Anbiya ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဆက်နွယ်လျက်ရှိသော ကုမ္ပဏီလေးခု၏ အမေရိကရှိ အက်ဆက်များအား ချုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ ပြုလုပ်လိုက်ခြင်းဖြစ်သည်။ ယင်းဆောက်လုပ်ရေး လုပ်ငန်း၏ အကျိုးအမြတ်များသည် အီရန်၏ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များအတွက် ရံပုံငွေထောက်ပံ့ပေးလျက်ရှိသည်ဟု အမေရိကန်ဘဏ္ဍာရေးဌာနကဆိုသည်။ (ဘီဘီစီ)

## အိန္ဒိယ၏ Agni-III ဒုံးကျည်အောင်မြင်စွာပစ်လွှတ်

အိန္ဒိယနိုင်ငံ၏ နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သော မြေပြင်မှ မြေပြင်ပစ် တာလတ်ပဲ့ထိန်းဒုံးကျည် Agni-III ကို တနင်္ဂနွေနေ့က ဩရိဿပြည်နယ်ရှိ ကျွန်းတစ်ကျွန်းပေါ်မှ အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့သည်ဟု ကာကွယ်ရေးဌာန အရာရှိများက ထုတ်ဖော်ပြောဆိုသည်။ ၎င်းသည် ၁.၅ တန် အလေးချိန်ကို သယ်ဆောင်၍ ၃၀၀၀ ကီလိုမီတာအကွာအဝေးထိ ပစ်ခတ်နိုင်သည်။ စတုတ္ထအကြိမ်မြောက်စမ်းသပ်ခြင်းဖြစ်၍ နည်းပညာအလွန်မြင့်မားသော ဒုံးကျည်ဖြစ်သည်ဟု သိရှိရသည်။အိန္ဒိယနိုင်ငံ၏ ဒုံးကျည်ဇဟိုပြနျူကလီးယားတပ်ဖွဲ့အတွက် Agni-III သည် မဏ္ဍိုင်အဖြစ်တည်ရှိမည်ဖြစ်သည်။ မကြာမီကာလအတွင်း ထိုဒုံးကျည်ကို လက်နက်ကိုင်တပ်ဖွဲ့များတွင်တပ်ဆင်အသုံးပြု သွားမည်ဖြစ်သည်။(ဘီဘီစီ)

## ဓါး ၁၈ ချောင်းမြို၍ ဂင်းနစ်စံချိန်သစ်တင်နိုင်ခဲ့သည့် စတန့်သမား

ဩစတြေးလျလူမျိုးပဖောင်းမန့်တစ်ဦးသည် ဓါးမြှောင် ၁၈ ချောင်းအား တပြိုင်နက်မြို၍ ကမ္ဘာ့ဂင်းနစ်စံချိန်သစ် တင်နိုင်ခဲ့ပေသည်။ Chayne Hultgren ( အသက် ၃၁)သည် ၂၈.၃၅ လက်မ ရှည်သည့် ဓါးမြှောင် ၁၈ ချောင်းအား ဆစ်ဒနီမြို့တွင် မြိုပြ၍ ၂၀၀၈ ခုနစ်က တင်နိုင်ခဲ့သော၎င်း၏ စံချိန်ကိုထပ်မံချိုးနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ မြိုချနိုင်ရန်အချိန်များစွာပေး၍ လေ့ကျင့်ခဲ့သဖြင့် ပြပွဲတွင်း သရုပ်ပြချိန်တွင် ကျွမ်းကျင်ပိုင်နိုင်စွာ အန္တရာယ်ကင်းကင်း ပြသနိုင်ခဲ့သည်ဟု ၎င်းက ဆိုသည်။ ၎င်းသည် ဓါးမြိုခြင်းကို အသက် ၁၆ နှစ်က စတင်လေ့ကျင့်ခဲ့ခြင်းဖြစ်ပြီး ယင်းအား ပိုမိုကောင်းမွန်စေရန် နည်းလမ်းမျိုးစုံကို အသုံးပြုလေ့ကျင့်ခဲ့သည်ဟု ဆိုသည်။(ဘီဘီစီ)

## အင်ဒိုနီးရှားအမျိုးသားတစ်ဦး၏ နောက်ဖေးခြံဝင်းအတွင်း ကျားငါးကောင် ရှာဖွေတွေ့ရှိ

အင်ဒိုနီးရှားနိုင်ငံ Tanggerang မြို့ရှိ လူတစ်ဦး၏ နေအိမ်နောက်ဘက်တွင် တရားမဝင်မွေးမြူထားသော ကျားငါးကောင်အား ကြာသပတေးနေ့က ရှာဖွေတွေ့ရှိခဲ့သည်ဟု အင်ဒိုနီးရှား အာဏာပိုင်များက စနေနေ့က သတင်းထုတ်ပြန်သည်။ ယင်းကဲ့သို့ ကျားများအား ပိုင်ဆိုင်ထားခြင်းသည် အင်ဒိုနီးရှားတရားဥပဒေအရအပြစ်ရှိကြောင်းသစ်တောရေးရာဌာန သစ်တောကာကွယ်ရေးဒါရိုက်တာက ဆိုသည်။ မျိုးတုန်းပျောက်ကွယ်မည့်အန္တရာယ်နှင့်ရင်ဆိုင်နေရသောဆူမားတြားကျားကောင်ရေသည် ၄၀၀ အောက်သာရှိတော့သည်ဟုသိရသည်။ သစ်တောပြုန်းတီးလာမှုကြောင့် ၎င်းတို့၏ အရေအတွက် ဆက်လက် ဆုတ်ယုတ်လာနေခြင်း ဖြစ်ပေသည်။(ဆင်ဟွာ)

## ဒူဘိုင်းတာဝါရှိ viewing deck အား ပြင်ဆင်မှုပြုလုပ်မည်

ဒူဘိုင်းနိုင်ငံရှိ ကမ္ဘာ့အမြင့်ဆုံးအဆောက်အဦဖြစ်သော ဘာ့ချ်ကာလီဖာအဆောက်အဦရှိ ရှုခင်းကြည့်အထပ်အား အဆောက်အဦဖွင့်လှစ်ပြီး တစ်လအကြာတွင်ပြန်လည်ပြင်ဆင်မှုပြုလုပ်ရန်အတွက် ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။ မျှော်လင့်ထားသည်ထက် လာရောက်သည့် ဧည့်သည်အရေအတွက် များပြားပြီး၊ လျှပ်စစ်ဓါတ်အား လုံလောက်စွာ ထောက်ပံ့နိုင်မှုမရှိကြောင်း သိရသည်။ ထိုရှုခင်းကြည့်အထပ်၏ ဝင်ကြေးမှာ တစ်ဦးလျှင် ဒေါ်လာ ၁၀၀ ဖြစ်ပြီး ကြိုတင်လက်မှတ်ဝယ်လျှင် ဒေါ်လာ ၃၀ ဖြစ်သည်။ ထိုအထပ်အား မည်သည့်အချိန်တွင် ပြန်လည်ဖွင့်လှစ်မည်ကို မသိရသေးပေ။ ထိုအဆောက်အဦအား ၂၀၀၄ ခုနစ်တွင်စတင်ဆောက်လုပ်ခဲ့ပြီးယခုနှစ်ဇန်နဝါရီလ ၄ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ အလွှာပေါင်း ၁၆၀ ဖြင့် ဖွဲ့စည်းထားပြီး အမြင့်ပေ ၂၇၁၆ ပေ မြင့်သည်။ ရှုခင်းကြည့်အထပ်မှာ အလွှာ ၁၂၄လွှာတွင် တည်ရှိသည်။ (ဘီဘီစီ)

## ယူရေနီယံကို ပြည်တွင်း၌သန့်စင်မည်ဖြစ်ကြောင်း အီရန်နိုင်ငံပြောဆို

လွန်ခဲ့သောနှစ်ရက်ခန့်က အီရန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက သန့်စင်ပြီး ယူရေနီယံ လဲလှယ်ရန် ကိစ္စ အဆင်ပြေမည်ဖြစ်ကြောင်း ပြောဆိုခဲ့သော်လည်း ယမန်နေ့ကမူ အီရန်သမ္မတက နိုင်ငံပိုင် ရုပ်မြင်သံကြားမှတစ်ဆင့် အီရန်နိုင်ငံအနေဖြင့် ယူရေနီယံကို ၂၀ရာခိုင်နှုန်းအထိ သန့်စင်ခြင်းလုပ်ငန်းကို နိုင်ငံတွင်းတွင် ဆောင်ရွက်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုသည်။ အနောက်နိုင်ငံများနှင့် ဆိုးဝါးစွာ လိပ်ခဲတင်းလင်းဖြစ်နေစဉ် ဤကဲ့သို့ ပြောကြားခြင်းဖြစ်သည်။ ၎င်းမှတစ်ဆင့် အနုမြူလက်နက် ထုတ်လုပ်နိုင်သည့် သန့်စင်ပြီး ယူရေနီယံ ရရှိအောင် တိုးမြှင့်ဆောင်ရွက်မည်ကို အနောက်နိုင်များက စိုးရိမ်လျက်ရှိသည်။ လက်နက်ထုတ်လုပ်ရန်အတွက် ယူရေနီယံကို ၉၀ရာခိုင်နှုန်းအထိ သန့်စင်ရမည်ဖြစ်သည်။ လောလောဆယ်တွင် ၎င်းလုပ်ငန်းအတွက် လိုအပ်သော နည်းပညာများ အီရန်နိုင်ငံတွင် မရှိပေ။(ဘီဘီစီ)

## ဒိုင်နိုဆောခြေရာ ထောင်ပေါင်းများစွာ တရုတ်နိုင်ငံတွင် တွေ့ရှိ

တရုတ်နင်ငံ အရှေ့ပိုင်း ရှမ်ဒုန်းပြည်နယ် ဇူချမ်ဒေသ တောင်ကြားတစ်ခုတွင် ရှေးဟောင်းသုတေသနအဖွဲ့တစ်ခုက သုံးလကြာ ရှာဖွေတူးဖော်မှုများ ပြုလုပ်ခဲ့ရာ ရှေးခေတ်ဒိုင်နိုဆော ခြေရာ သုံးထောင်ကျော်ကို တွေ့ရှိခဲ့သည်ဟု နိုင်ငံပိုင်မီဒီယာမှ သတင်းထုတ်ပြန်သည်။ ရှေးခေတ်တိရိစ္ဆာန်များ၏ ကျောက်ဖြစ်ရုပ်ကြွင်း အရိုးစုများကို တစ်နေရာတည်းတွင် အများဆုံးတွေ့ရှိရခြင်းဖြစ်သည်။ ၎င်းခြေရာများသည် သက်တမ်းနှစ် သန်းတစ်ရာကျော်ခန့်ရှိလေပြီ။ အရွယ်အစားမှာလည်း 10 cm မှ 80 cm အထိ ရှည်လျားကြပြီးလျှင် အမျိုးအစား ခြောက်မျိုးခန့် ခွဲခြားတွေ့ရှိရသည်။ ထို့ပြင် ၎င်းခြေရာများသည် တစ်ဖက်တည်းသို့သာ ညွှန်ပြနေကြသဖြင့် အဆိုပါဒိုင်နိုဆောများသည် တစ်နေရာသို့ပြောင်းရွှေ့ရန် သွားနေကြခြင်းသို့မဟုတ် တစ်စုံတစ်ခု၏ တိုက်ခိုက်ခံရခြင်းကြောင့် ကြောက်လန့်တကြားပြေးလွှားနေကြခြင်းဖြစ်နိုင်သည်ဟု သုတေသီများက ပြောဆိုကြသည်။ ၎င်း ဇူချမ်ဒေသသည် ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်း များကို နေရာသုံးဆယ်ခန့်တွင် တွေ့ရှိရသဖြင့် ဒိုင်နိုဆောမြို့တော်ဟု ခေါ်ဝေါ်ကြသည်။(အေအက်ပီ)

## Facebook (၆)နှစ်မြောက်မွေးနေ့တွင် HomePage အသစ်တင်

လွန်ခဲ့သော ကြာသပတေးနေ့က အင်တာနက်လူမှုရေးဝက်ဘ်ဆိုက် Facebook ၏ (၆)နှစ်မြောက် မွေးနေ့ဖြစ်သည်။ ၄င်းတွင် အသင်းဝင်ပေါင်း သန်း(၄)ရာရှိသဖြင့်ဝက်ဘ်ဆိုက်သမိုင်းကို မှတ်တမ်းတင်နိုင်ခဲ့သည်။ အဖွဲ့ဝင်များသည် ကမ္ဘာပေါ်တွင်ဖြစ်ပျက်နေသော သတင်းအချက်အလက် အသေး၊ အကြီးအစုံကို ကြည့်ရှုနိုင်သည့်အပြင် ခင်မင်သူအပေါင်းနှင့်လည်း အမြဲမပျက်အဆက်အသွယ် ရှိနေခဲ့သည်။ ကြာသပတေးနေ့က မွေးနေ့အထိမ်းအမှတ်အဖြစ် HomePage အသစ်တစ်ခုကို ထပ်မံဖွင့်လှစ်ပေးခဲ့သည်။ ၄င်းတွင် တော့စ်မီနူးပါရှိ၍ သတင်းအချက်အလက်နှင့် ကြော်ငြာချက်များကို ပိုမိုလွယ်ကူစွာ ရှာဖွေနိုင်မည်ဖြစ်သည်။ ၄င်းအပြင် မိတ်ဆွေ၊ သူငယ်ချင်းများ မိမိတို့ကိုယ်တိုင် အစီအစဉ်အသစ်များကိုခံစားနားဆင်နိုင်မည်ဖြစ်သည်။ ထို့အပြင်ဂိမ်းအစီအစဉ်တစ်ခုကိုပါ ထပ်မံထည့်သွင်းပေးခဲ့သည်။ လူတို့သည် ဝမ်းသာလျှင်လည်းကောင်း၊ ဝမ်းနည်းလျှင်လည်းကောင်း၊ အခြားသူများနှင့် မျှဝေခံစားလိုကြသည်။ ယင်းလိုအပ်ချက်ကို Facebook ကကောင်းစွာဖြည့်စည်းပေးမည်ဖြစ်သည်။ (အေအက်ဖ်ပီ)

# သတင်းအတို

## ဓာတ်ပုံဆရာ ၁၅ဦးမှ ဓာတ်ပုံမူပိုင်ခွင့်နှင့်ပတ်သက်ပြီး သတိပေးချက်ထုတ်ပြန်

ဝါရင့်ဓာတ်ပုံဆရာများဖြစ်သော မောင်မောင်မြင့်(သုခုမ)၊ ဒေါက်တာမောင်မောင်ကြီး(ဆေး/မန်း)၊ သီဟသိန်းဉာဏ်၊ ညောင်ဦးဖိုးချို၊ မောင်ကျော်မိုးလွင် (R.A.S.U)၊ ဆန်နီညိမ်း၊ မောင်မောင်လတ်(ချစ်ညို)၊ ဆရာဇော်(ပညာရေး)၊ အောင်ကျော်မိုး( New Image)၊ စိုင်းခမ်းလင်း (Hawk Eyes )၊ ဓာတ်ပုံ- တက္ကသိုလ်ဟန်မင်းဦး၊ ငြိမ်းချမ်းစိမ်းလန်း(ငြိမ်းချမ်း)၊ ဇင်မင်းဆွေ(မန္တလေး)၊ မြတ်ခိုင်၊ ထိန်ဝင်းတို့ ကိုယ်ပိုင်၊ ကိုယ်ပိုင်ရိုက်ကူးထားသော ဓာတ်ပုံများသည် ကျွန်တော်တို့၏ မူပိုင်ဓာတ်ပုံများဖြစ်ပါသည်။ ဖော်ပြပါဓာတ်ပုံဆရာများ ရိုက်ကူးထားသော ဓာတ်ပုံများကို ဓာတ်ပုံဆရာများမသိရှိဘဲ ဖော်ပြခြင်း၊ အသုံးပြုခြင်း၊ ယူသုံးခြင်းများ မပြုလုပ်ရန်နှင့် တားမြစ်ချက်ကို မလိုက်နာပါက အရေးဆိုခြင်း၊ မူပိုင်ကြေးတောင်းခံခြင်း၊ နစ်နာကြေးတောင်းခံခြင်းများကို သတိပေးကြေညာချက်ထုတ်ပြန်ထားကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်နေ့ထုတ် လျှပ်တစ်ပြက်ဂျာနယ်တွင်ဖော်ပြထားပါသည်။

## နေပြည်တော်မြန်မာ့အသံတိုင်းရင်းသားဘာသာအစီအစဉ်ထုတ်လွှင့်မှုများ တိုးချဲ့ထုတ်လွှင့်သွားမည်

၂၀၁၀ခုနှစ်ဖေဖော်ဝါရီ ၁၂ရက်နေ့မှစ၍ နေပြည်တော်မြန်မာ့အသံ တိုင်းရင်းသားဘာသာအစီအစဉ် ထုတ်လွှင့်မှုများကို တိုးချဲ့ထုတ်လွှင့်သွားမည်ဖြစ်သည်။ တိုင်းရင်းသား ဘာသာ ထုတ်လွှင့်မှုများကို လက်ရှိတွင် လှိုင်းတို ၅၀.၇၁မီတာ၊ ၅၉၁၅ကီလိုဟဇ်နှင့်လှိုင်းလတ် ၄၁၁.၅၂မီတာ၊ ၇၂၉ကီလိုဟဇ်တို့မှ နံနက်ပိုင်းတွင်နံနက် ၆နာရီမှ မွန်းတည့် ၁၂နာရီအထိ လည်းကောင်း၊ ညနေပိုင်းတွင်မွန်းလွဲ၂နာရီမှ ညနေ ၆နာရီအထိ ထုတ်လွှင့်နေရာမှ ဖေဖော်ဝါရီ ၁၂ရက်မှစ၍ နံနက်ပိုင်းတွင် နံနက်၆နာရီမှ မွန်းတည့်၁၂နာရီအထိ လည်းကောင်း၊ ညနေပိုင်းတွင်မွန်းလွဲ ၂နာရီမှည ၈နာရီအထိလည်းကောင်း ၂နာရီထပ်မံတိုးချဲ့ထုတ်လွှင့်သွားမည်ဖြစ်သည်။ တိုင်းရင်းသားဘာသာ ထုတ်လွှင့်မှုများ၌ မူလထုတ်လွှင့်နေသည့် ကယားဘာသာတွင်ကယန်း၊ ဂေခို၊ ဂေဘားဘာသာများကိုပါ တိုးချဲ့၍လည်းကောင်း၊ မူလထုတ်လွှင့်နေသည့် ချင်းဘာသာတွင်တောင်ပိုင်းချင်းဘာသာဖြစ်သည့် မင်းတပ်ချင်းဘာသာကိုပါ တိုးချဲ့၍လည်းကောင်း၊မူလထုတ်လွှင့်နေသည့် 'ဝ'ဘာသာတွင် 'ကိုးကန့်'ဘာသာကိုပါတိုးချဲ့၍လည်းကောင်း ထုတ်လွှင့်သွားမည်ဖြစ်ပြီး နောင်တွင်လည်း ယခုထက်ပိုမိုတိုးချဲ့ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ၁၁ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်ဖော်ပြထားပါသည်။

## မြန်မာ့စက်မှုပြပွဲကျင်းပမည်

မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းက ကြီးမှူးကျင်းပမည့် မြန်မာ့စက်မှုပြပွဲ (Myanmar Industrial Exhibition) ကိုရန်ကုန်မြို့တပ်မတော်ခန်းမ၌ မတ်လ ၅ရက်နေ့တွင် ပြုလုပ်ကျင်းပမည်ဖြစ်သည်။ ပြပွဲတွင် လူသုံးကုန်၊ အလှကုန်၊ လျှပ်စစ်ပစ္စည်း၊ ထုပ်ပိုးပစ္စည်း၊ ပလတ်စတစ်ပစ္စည်း၊ စာအုပ်နှင့်စာရေးကိရိယာ၊ လုပ်ငန်းသုံးဓာတုပစ္စည်း၊ စက်မှုကုန်ထုတ်ယာဉ်အမျိုးမျိုး၊ သံထည်နှင့် အိမ်ဆောက်ပစ္စည်း၊ စားသောက်ကုန်၊ ဖိနပ်၊ လယ်ယာသုံးစက်ပစ္စည်း၊ သဘာဝဆေး၊ မော်တာရေစုပ်စက်၊ လေမှုတ်စက်စသည်ဖြင့် ကဏ္ဍ၁၆ခုမှ ပြခန်းပေါင်း ၁၆၁ခန်းဖြင့် ပစ္စည်းနှင့် နည်းပညာပူးပေါင်းပြသမည်ဖြစ်သည်။ အဆိုပါပြပွဲကို မြန်မာနိုင်ငံမှထုတ်လုပ်သည့် စက်မှုထုတ်ကုန်များအား တစုတစည်းတည်း နိုင်ငံတကာ အဆင့်မီ ပြသနိုင်ရန်နှင့် လာရောက်ကြည့်ရှုသူများအနေဖြင့် ပြည်တွင်းဖြစ်စက်မှုထုတ်ကုန်များ၏ အရည်အသွေးကိုပိုမိုသိရှိရင်းနှီးလာစေရန်စသည့် ရည်ရွယ်ချက်များဖြင့်ပြုလုပ်ခြင်းဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၈ရက်နေ့ထုတ် Commerce ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ကြေးနီသတ္တုတူးဖော်ထုတ်လုပ်မှုနည်းစနစ် နှိုင်းယှဉ်လေ့လာခြင်း စာတမ်းဖတ်ပွဲကျင်းပမည်

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူးကျင်းပသော ချီလီနိုင်ငံ အက်စ်ကွန်ဒီဒါးကြေးနီသတ္တုတွင်းနှင့်မြန်မာနိုင်ငံ အမှတ် (၁) ကြေးနီသတ္တုတွင်းတို့၏ " ကြေးနီသတ္တုတူးဖော်ထုတ်လုပ်သန့်စင်ခြင်း၊ ထုတ်လုပ်မှုစနစ်တို့ကို နှိုင်းယှဉ်လေ့လာခြင်း" စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၁၃ရက် (စနေနေ့) နံနက် ၆နာရီခွဲတွင် ရန်ကုန်မြို့(လှိုင်မြို့နယ်) တက္ကသိုလ်များလှိုင်နယ်မြေရှိ မြန်မာအင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ စာတမ်းဖတ်ပွဲတွင် ဦးစောလင်း အထွေထွေမန်နေဂျာ(ငြိမ်း) အမှတ်(၁) ကြေးနီသတ္တုတွင်းက ဖတ်ကြားမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီးအသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း - ၅၁၉၆၇၆သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်ဖော်ပြထားပါသည်။

## Waste Treatment and Waste to Energy နှင့် Industrial and Manicipal Waste Treatment, CDM Project Development ဟောပြောပွဲများကျင်းပမည်

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကကြီးမှူး၍ "Waste Treatment and Waste to Energy နှင့် Industrial and Manicipal Waste Treatment, CDM Project Development "ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၃ရက်(စနေနေ့) မွန်းလွဲ၂နာရီတွင်ရန်ကုန်မြို့(လှိုင်မြို့နယ်) တက္ကသိုလ်များလှိုင်နယ်မြေရှိမြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါဟောပြောပွဲတွင်" Waste Treatment and Waste to Energy" ခေါင်းစဉ်ဖြင့် ဗိုလ်မှူးကြီးသောင်းဝင်(ငြိမ်း) ဗဟိုကော်မတီဝင်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက လည်းကောင်း၊" Industrial and Manicipal Waste Treatment, CDM Project Development " ခေါင်းစဉ်ဖြင့် Mr.Vincent Wong, Technical Director,Koastal Eco( Myanmar) Co.,Ltd.ကလည်းကောင်း အသီးသီးဖတ်ကြားမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဖုန်း -၅၁၉၆၇၆သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်ဖော်ပြထားပါသည်။

## လွယ်ဟိန်းကုမ္ပဏီ ဘဏ်လုပ်ငန်းထူထောင်မည် ဆယ်စုနှစ်အတွင်းပုဂ္ဂလိကဘဏ်အသစ် ထပ်မံပေါ်ပေါက်လာမည်ဖြစ်

ဆယ်စုနှစ်ကျော်ကြာကာလအတွင်းပိုင်း ပုဂ္ဂလိကပိုင်ဘဏ်လုပ်ငန်းများ လုပ်ပိုင်ခွင့်ပေးတော့မည်ဖြစ်ရာ အယ်လ်ပိုင်းသောက်ရေသန့်ထုတ်လုပ်သည့် လွယ်ဟိန်းကုမ္ပဏီမှ လုပ်ကိုင်မည်ဟု ယင်းကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက ပြောကြားသည်။ ဘဏ်လုပ်ငန်းတစ်ခုထူထောင်ရာတွင် ကုမ္ပဏီမှတ်ပုံတင်ရုံးတွင် ကုမ္ပဏီလုပ်ကိုင်ခွင့်လျှောက်ထားပြီး မြန်မာနိုင်ငံဗဟိုဘဏ်၌ ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ဆက်လက်လျှောက်ထားရမည်ဖြစ်သည်။ ဘဏ်လုပ်ငန်းတစ်ခုထူထောင်ရန် ရင်းနှီးမြှုပ်နှံမှုငွေပမာဏကို တင်ပြရမည်ဟု လက်ရှိဘဏ်လုပ်ငန်း ဦးဆောင်လုပ်ကိုင်သူ ထွန်းဖောင်ဒေးရှင်းဘဏ်၏ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ၁၉၉၂ခုနှစ် မေလမှစတင်၍ ဘဏ်လုပ်ငန်းလုပ်ကိုင် ခွင့်လိုင်

စင်များကို ပုဂ္ဂလိကများသို့ ခွင့်ပြုခဲ့ရာ ၁၉၉၈ခုနှစ်တွင် ပုဂ္ဂလိကဘဏ် ၂၀ရှိပြီး ယနေ့အချိန်တွင် ပုဂ္ဂလိကဘဏ်လုပ်ငန်း ၁၄ခုရှိသည်။ ရန်ကုန်တွင် ၁၃ခု၊ မန္တလေးရတနာပုံဘဏ်တစ်ခုတို့ရှိကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၁၁ရက်နေ့ထုတ် Myanmar News Week ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ “Essential Networking Tecgnology & Network Professionals Trend” ခေါင်းစဉ်ဖြင့်ဟောပြောပွဲကျင်းပမည်

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းကကြီးမှူး၍ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင်များဖြစ်ကြသော ဦးရဲကျော်သိန်း( Compu Tech Computer Co., Ltd.) နှင့် ဦးအောင်ဇော်မြင့် ( M.S.T  Computer Center) တို့က Essential Networking Tecgnology & Network Professionals Trend ခေါင်းစဉ်ဖြင့်ဖေဖော်ဝါရီ ၁၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီမှ ညနေ၄နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ပင်မဆောင်ရှိ Conference Hall ၌ ရှင်းလင်းဟောပြောကြမည်ဖြစ်သည်။ ယင်းဆွေးနွေးဟော ပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ကြပြီး အသေးစိတ် သိရှိလိုပါက ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အဆောက်အအုံရှိ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆သို့ဆက်သွယ်နိုင်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြထားပါသည်။

## ငါးသိန်းတန်ဖုန်းကတ် ကုန်နံပါတ်ရိုက်ရာတွင် ငါးကြိမ်ထက်ပိုမှားပါက ဖုန်းဖြတ်ခံရ

CDMA 800Hz ငါးသိန်းတန်ဖုန်းများသို့ ငွေကြိုသွင်းကတ်မှ ကုတ်နံပါတ်ရိုက်နှိပ်ရာတွင် ငါးကြိမ်ထက်ပို၍ မှားရိုက်မိပါက ဖုန်းဖြတ်ခံရကြောင်းသိရသည်။ “ငါးသိန်းတန်ဖုန်းကတ်တွေရဲ့ ဘီလ်ကတ်က ကုတ်နံပါတ်တွေ ရိုက်တဲ့အခါမှာ တစ်ကြိမ်တည်းနဲ့ ငါးခါမှားနှိပ်မိရင် ဘာမှဆက်လုပ်လို့မရဘဲ အဲဒီနေ့တစ်ရက်လုံး ဖုန်းဖြတ်ခံရပါတယ်။ နောက်တစ်ရက်မှ ကုတ်နံပါတ်အမှန်ပြန်ရိုက်လို့ရပါတယ်။ ဒါကြောင့် ကုတ်နံပါတ်ကို သေသေချာချာလေးရိုက်သင့်ပါတယ်” ဟုလူကြီးမင်း(ပါရမီ)မှ လက်ထောက်မန်နေဂျာကိုချမ်းချမ်းကပြောသည်။ ထို့ကြောင့် Top-up ကတ်များကို မပျောက်ရန် ထိန်းသိမ်းထားသင့်ပြီး ယင်းကုတ်နံပါတ်ကို ပွား၍ သုံးနိုင်ကြောင်း သိရသည်။ ငွေကြိုသွင်းကတ်များမှာ တစ်မိနစ်လျှင် ကျပ်(၅၀)နှုန်းဖြင့် တစ်သောင်း၊ သုံးသောင်းနှင့် FEC ၂၀နှင့် FEC ၅၀တန်ကတ်များ ဝယ်ယူနိုင်သည်။ ဖုန်းဟန်းဆက်ဝယ်ယူရာတွင် ငါးသောင်းခွဲ ဝန်းကျင်မှ တစ်သိန်းခွဲခန့်အထိ အများဆုံးဝယ်ယူကြသည်။ ယင်းအပြင် ဂျီအက်စ်အမ်ကတ်နှင့် ငါးသိန်းတန်ကတ်နှစ်မျိုးထည့်သုံးနိုင်သည့် G Net ဟန်းဆက်များလည်း အရောင်းသွက်ပြီး ဈေးနှုန်းမှာ ကျပ်(၁၃၀၀၀၀)ဝန်းကျင်ခန့်ရှိသည်။ အဆိုပါ CDMA 800Hz ဖုန်းဟန်းဆက်များမှာ တရုတ်နှင့် ထိုင်းနိုင်ငံထုတ် အမျိုးအစားများဖြစ်ကြောင်း ၂၀၁၀ခုနှစ်ဖေဖော်ဝါရီလ ၁၁ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်)ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ ဟောပြောပွဲအတွက် စာရင်းပေးသွင်းနိုင်

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း အမှုဆောင်ပါမောက္ခ ဦးမော်သန်းက လက်မှတ်ရပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန်လိုအပ်သော MFRS for SMEs(Part-III) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဖေဖေါ်ဝါရီ ၂၈ ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ရုံးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဟောပြောပွဲတက်ရောက်သူသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်သည်။ ဟောပြောပွဲတက်ရောက်ရန် ဖေဖေါ်ဝါရီ ၂၄ရက် နောက်ဆုံးထား၍ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်ရှိ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်းမ၌ မှတ်ပုံတင်ကြေးပေးသွင်းရမည်။ စာရင်းသွင်းရာတွင် အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ် အမှတ်(ရှိလျှင်)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖော်ပြပေးရန်လိုအပ်ပြီး သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းချုပ်ရုံး သင်တန်းကျောင်း(ရန်ကုန်) ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၉ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

## သီရိမင်္ဂလာဈေး၊ စံပြငါးဈေးနှင့် ကမ်းနားဈေးတို့ ပြောင်းရွှေ့ရမည်ဆိုသည်နှင့်ပတ်သက်၍ မည်သည့်အစီအစဉ်မျှမရှိသေးကြောင်း မြို့တော်ဝန်ပြောကြား

ရန်ကုန်မြို့ကမ်းနားလမ်းတစ်လျှောက်တွင်ရှိသော သီရိမင်္ဂလာဈေး၊ ဗဟိုစံပြငါးဈေးကြီးနှင့် ကမ်းနားဈေးတို့ပြောင်းရွှေ့ရမည်ဆိုခြင်းမှာ မဟုတ်မှန်ကြောင်းနှင့် ကောလာဟလသတင်းများသာဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းကပြောကြားသွားခဲ့ သည်။ အဆိုပါဈေးများ၏ အနာဂတ်အစီအစဉ်များနှင့် ပတ်သက်၍ လတ်တလောတွင်မည်သည့်အစီအစဉ်မျှမရှိသေးကြောင်းနှင့် မည်သည့်ညွှန်ကြားချက်မျှလည်း မရှိသေးကြောင်းမြို့တော်ဝန်က ပြန်လည်ဖြေကြား ခဲ့သည်။ သီရိမင်္ဂလာဈေး၊ ဗဟိုစံပြငါးဈေးကြီးနှင့်ကမ်းနားဈေးတို့ ပြောင်းရွှေ့ကြရတော့မည်ဟု ကောလာ ဟလများ မကြာခဏထွက်ပေါ်လျက်ရှိပြီးအဆိုပါ ဈေးများတွင် နေထိုင်လုပ်ကိုင်ကြသူ ဈေးသူဈေးသား မိသားစုဝင်များ၊ ကားအငှားလိုက်ခြင်း လုပ်ကိုင် နေကြသူများ၊ ထမင်းဆိုင်၊ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်လုပ်ငန်းများကို လုပ်ကိုင်နေကြသူများ၊ အိမ်ခန်း၊ တိုက်ခန်းငှားရမ်းလုပ်ကိုင် နေကြသူများသည်လည်း ထွက်ပေါ်လာသည့် သတင်းများအပေါ်တွင်မကြာခဏ စိုးရိမ်ထိတ်လန့်မှုများဖြစ်ပေါ် ခံစားကြရသည်ဟု သိရှိရကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ကွန်ပျူတာဆော့ဖ်ဝဲနှင့် ဆိုလူးရှင်းပြပွဲကျင်းပမည်

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF)၊ ကွန်ပျူတာပညာရှင်အသင်း(MCPA) နှင့် ကွန်ပျူတာလုပ်ငန်းရှင်အသင်း(MCIA)တို့က အသင်းများမှ ကွန်ပျူတာဆော့ဖ်ဝဲများနှင့် Solution များကို ပြည်သူလူထုအတွင်း ကျယ်ပြန့်စွာ သုံးစွဲလာနိုင်စေရန် ရည်ရွယ်သည့် Software& Solution Exhibition 2010ကို ဖေဖော်ဝါရီ ၂၆ရက်မှ ၂၈ရက်အထိ မြန်မာအင်ဖိုတက်ခ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါ Software & Solution Exhibition 2010တွင် ဆော့ဖ်ဝဲများကိုဆော့ဖ်ဝဲအမျိုးအစားအလိုက် ကဏ္ဍများခွဲခြားပြသနိုင်ရန်စီစဉ်ထားကြောင်း သိရသည်။ ယင်းပြပွဲနှင့်တွဲဖက်၍ Software&Solution Products Presentation များကို မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဆေးလုပ်ငန်းရှင်များအသင်း၊ ဟိုတယ်လုပ်ငန်းရှင်အသင်းစသည့်အသင်းများနှင့်ပူးပေါင်းကာကျင်းပသွားမည် ဖြစ်ကြောင်း ၂၀၁၀ခုနှစ်ဖေဖော်ဝါရီ ၉ရက်နေ့ထုတ် Flower News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မျိုးဆက်သစ်လူငယ် ဒိုင်လူကြီးသင်တန်းဖွင့်မည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က မြန်မာ့ဘောလုံးဖွံ့ဖြိုးတိုးတက်စေရေးကိုအထောက်အကူပြုစေမည့် နိုင်ငံတကာအဆင့်မီ မျိုးဆက်သစ်ဒိုင်လူကြီးကောင်းများပေါ်ထွက် လာစေရေးကို

ရည်ရွယ်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံးတွင် ဖေဖော်ဝါရီ ၂၀ရက်မှ ၂၇ရက်အထိ မျိုးဆက်သစ်လူငယ် ဒိုင်လူကြီးသင်တန်းဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါ မျိုးဆက်သစ်လူငယ် ဒိုင်လူကြီးသင်တန်းသို့တက်ရောက်လိုသူများအနေဖြင့်အသက် ၁၈နှစ်မှ ၂၅နှစ်အတွင်းရှိရမည်ဖြစ်ပြီးကျန်းမာကြံ့ခိုင်၍ ပါဝါမျက်မှန်မတပ်သူဖြစ်ရမည်။ အနည်းဆုံးတက္ကသိုလ်ဝင်တန်း အောင်ပြီးသူဖြစ်ပြီးအင်္ဂလိပ်စာ(အရေး၊အဖတ်)အခြေခံ ကျွမ်းကျင်ရန် လိုအပ်သော်လည်း မြို့နယ်အဆင့်လက်ရွေးစင်ဘောလုံးသမားဖြစ်ပါက ပညာအရည်အချင်းကန့်သတ်ချက်ကိုလျှော့ပေါ့စဉ်းစားမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဒိုင်လူကြီးဌာနဖုန်း -၅၇၂၇၉၄သို့ ဖေဖော်ဝါရီ ၁၃ရက်နောက်ဆုံးထား၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၆ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြ ထားပါသည်။

# ပညာရှိအဆိုအမိန့်

**အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)**
**အနှိုင်းမဲ့ရဟန်း**

အရှင်သာရိပုတ္တရာလုံးဝ လက်မခံတဲ့ အဲဒီနိဿယနာဆွမ်းကို အရှင်မဟာမောဂ္ဂလ္လာန် မြေကြီးပေါ်စွန့်သွန်လိုက်တဲ့အခါမှာတော့ နိဿယနာဆွမ်း မြေကြီးပေါ်ကျတာနဲ့ တစ်ပြိုင်နက် အရှင်သာရိပုတ္တရာရဲ့ လေနာရောဂါယူပစ်သလို လုံးဝပျောက်ကင်းသွားပါတယ်။ နောက်လေးဆယ့်ငါးနှစ်ကြာ ပရိနိဗ္ဗာန်စံတဲ့ တိုင်အောင် လေနာရောဂါဘယ်တော့မှ ထပ်မဖြစ်တော့ပါဘူး။ ဂိလာနရဟန်းတော်တွေအနေနဲ့ ညစာထဲမှာ အကျုံးဝင်တဲ့ ပေါ့ပေါ့ပါးပါးစားဖွယ်၊ ပေါ့ပေါ့ပါးပါး သောက်ဖွယ်တွေကို ကျန်းမာရေးအကြောင်းပြ၊ ဆေးမစားခင် အစာခံတာ အကြောင်းပြပြီး မွန်းလွဲပိုင်းစားတော့၊ သောက်တော့မယ်ကြံတိုင်း အရှင်သာရိပုတ္တရာမထေရ်မြတ်ကို အထူးသတိရသင့်ပါတယ်။ စာကျက်ရတာ၊ စာပြန်ရတာကို အကြောင်းပြ၊ လုပ်အားပေးရတာ၊ ဝေယျာဝစ္စလုပ်ရတာကို အကြောင်းပြပြီး လေးလေးလံလံစားဖွယ်တွေ၊ ဆွမ်းအစစ်ကြီးတွေကို မွန်းလွဲပိုင်းမှာ အပီကိုင်တော့မယ်ဆိုရင်တော့ ပိုလို့တောင် သတိရသင့်တာပေါ့။ ဥကိုအသက်ပေးကာကွယ်တဲ့ ရစ်မလို၊ မြီးဆံကိုအသက်ပေးစောင့်ရှောက်တဲ့ စာမရီသားကောင်လို ဝိနည်းစည်းကမ်းကို အသက်ပေးလိုက်နာတဲ့ အရှင်သာရိပုတ္တရာမထေရ်မြတ်ရဲ့ ကိုယ်ကျင့်သီလကတော့ နောင်လာနောက်သား သီလမြတ်နိုးသူတွေအတွက် စိတ်ထက်သန်စရာ အားဆေးကြီးတစ်ခွက်ပါပဲ။

ဒါတွေကြောင့်လည်း အနာထပိဏ်နတ်သားက "သီလဂုဏ်အားဖြင့်လည်း အရှင်သာရိပုတ္တရာသာ အသာဆုံး၊ အမြတ်ဆုံးရဟန်း" လို့ မြတ်စွာဘုရားရှင်ကို လျှောက်ထားခဲ့တာပါ။ မြတ်စွာဘုရားရှင်ကလည်း ဟုတ်မှန်ကြောင်း အတည်ပြုခဲ့တာပါ။

တစ်ခါတော့ အခန့်မသင့်လို့ သင်္ကန်းဝတ်ပုံ မညီမညာဖြစ်နေတဲ့ အရှင်သာရိပုတ္တရာကို ခုနစ်နှစ်အရွယ်ကိုရင်လေးတစ်ပါးက "အရှင်ဘုရား သင်္ကန်းဝတ်တာ မညီပါလား" လို့ လျှောက်ထားတဲ့အတွက် ချက်ချင်းပြင်ဝတ်ပြီး "ဒီလောက်ဆို အဆင်ပြေပါပြီလားဆရာ" လို့ ကိုရင်လေးကို လက်အုပ်ချီ လျှောက်ထားခဲ့ဖူးပါတယ်။ "ဒီနေ့မှ ကိုရင်ဖြစ်တဲ့ ခုနစ်နှစ်အရွယ် ကိုရင်လေးကပဲ ဆုံးမလာပါစေ၊ အဲဒီအဆုံးအမကို ဦးထိပ်တင်ခံယူပါတယ်" လို့လည်း ကျူးရင့်ခဲ့ ပါတယ်။

လူကြီးဆုံးမတာကို လူငယ်တွေ အလွယ်တကူခံယူလေ့ရှိပေမယ့် လူငယ်က အမှားပြင်ပေးတာကိုတော့ လူကြီးတွေ အလွယ်တကူ ခံယူလေ့မရှိပါဘူး။ လူငယ်ကစေတနာနဲ့ အမှားပြင်ပေးတာကို "သူနားမလည်လို့ ပြောတာပါ၊ သူမရင့်ကျက်သေးလို့ ပြောတာပါ" ဆိုပြီး ခွင့်လွှတ်သလိုလို ဘာလိုလိုနဲ့ ကိုယ့်အမှားကို ဖွတ်အတင်းအမှန်လုပ်ပစ်တတ်ကြပါတယ်။ ကိုယ့်ထက် အသက်ငယ်တဲ့ ရဟန်းတော်တွေက ဘုရားအလိုကျ အမှားပြင်ပေးတာကိုပဲ စွပ်စွဲသယောင်ယောင်၊ စော်ကားသယောင်ယောင် သတ်မှတ်ပြီးလုံးဝလက်မခံတဲ့ သက်ကြီးရွယ်အို လူဝတ်ကြောင်တွေ အများကြီးရှိပါတယ်။

အရှင်အဿဇိရဲ့ တရားကို နာပြီး သောတာပန်ဖြစ်ခဲ့ရတဲ့အတွက် အရှင်သာရိပုတ္တရာဟာ သောတာပန်ဖြစ်တဲ့အချိန်ကစပြီး အသက်ထက်ဆုံး အိပ်တိုင်းအိပ်တိုင်း အရှင်အဿဇိရှိရာ အရပ်ကို ရည်မှန်းလက်အုပ်ချီရှိခိုးပြီးမှ အရှင်အဿဇိရှိရာဘက်ကို ဦးခေါင်းထားအိပ်လေ့ရှိပါတယ်။

လောကမှာ ဘယ်အသိတရားမဆို ဆရာနဲ့ကင်းပြီး ရရိုးထုံးစံ မရှိပါဘူး။ သက်ရှိဆရာဖြစ်ဖြစ်၊ သက်မဲ့ဆရာဖြစ်ဖြစ်၊ ဆရာတစ်ဦးရဲ့ တိုက်ရိုက်သင်ကြား ပေးမှု၊ သို့မဟုတ် သွယ်ဝိုက်သင်ကြားပေးမှုကြောင့်သာ အသိတရားတွေ တဖြည်းဖြည်းရင့်ကျက်လာခဲ့ရတာပါ။ သံသရာ ဇာတ်သိမ်းဒုက္ခငြိမ်းတဲ့အထိ အသိဉာဏ်အလင်းဖွင့်ပေးတဲ့ ဆရာဆိုရင်တော့ ကျေးဇူးအကြီးမားဆုံးဖြစ်လို့ မီးပူဇော်တဲ့သူကို မီးကိုမပြတ်တောက်စေသလို ကျေးဇူးရှင်ဆရာကိုလည်း မပြတ်ဦးတိုက် ပူဇော်နေသင့်ပါတယ်။

ဆွမ်းခံချိန်ရောက်လို့ ရဟန်းသာမဏေတွေ မြို့တွင်း ရွာတွင်း ဆွမ်းခံကြွသွားကြပြီဆိုရင် အရှင်သာရိပုတ္တရာမထေရ်မြတ် ကျောင်းတိုက်တစ်တိုက်လုံး လှည့်လည်ကြည့်ရှုပြီး တံမြက်မလှည်းရသေးတဲ့ နေရာတွေတံမြက်လှည်း၊ ရေကုန်နေတဲ့ သောက်ရေအိုး၊ သုံးရေအိုးတွေ ရေဖြည့်၊ နေရာတကျ မထားတဲ့ ခုတင်၊ ကုလားထိုင်စတဲ့ အသုံးအဆောင်ပစ္စည်းတွေ နေရာတကျသိမ်းဆည်း၊ လုပ်သင့်လုပ်ထိုက်တဲ့ သန့်ရှင်းရေးတွေ၊ ဝေယျာဝစ္စတွေ တစ်ခုမကျန်လိုက်လုပ်ပြီးမှ နောက်ဆုံးဆွမ်းခံကြွတော်မူပါတယ်။

မြတ်စွာဘုရားနဲ့အတူ ရဟန်းသံဃာတော်တွေ ခရီးဒေသစာရီ ကြွချီတော်မူကြတဲ့အခါတိုင်းမှာလည်း "ငါဘုရားလက်ျာရံပဲ" ဆိုပြီး ရှေ့ဆုံးကနေ ဘုရားနားကပ်မလိုက်ဘဲ သံဃာ့ပရိသတ်နောက်ပိုင်းကနေ ဖြေးဖြေးနေးနေးလိုက်ပါလာကြတဲ့ နာမကျန်းရဟန်းတွေ၊ သက်ကြီးရွယ်အိုရဟန်းတွေကို လိုအပ်တာ ကူညီစောင့်ရှောက်ပေးရင်း သံဃာ့ပရိသတ် နောက်ဆုံးကနေ အရှင်သာရိပုတ္တရာလိုက်ပါတော်မူပါတယ်။

သားကြီးတို့၊ တပည့်ကြီးတို့ဆိုတာ မိဘတို့၊ ဆရာခေါင်းဆောင်ကောင်းတွေ ဖြစ်သင့်ပါတယ်။ ခေါင်းဆောင်ကောင်း ပီသဖို့ဆိုတာကလည်း အမိန့်ပေးနေရုံ၊ လမ်းညွှန်နေရုံနဲ့မပြီးဘဲ ကိုယ်ကိုယ်တိုင် လုပ်သင့်တဲ့အလုပ်တွေကို လူမြင်ရာ ရှေ့နားကနေပဲဖြစ်ဖြစ်၊ လူကွယ်ရာနောက်နားကနေပဲဖြစ်ဖြစ် စေတနာပါပါ၊ မေတ္တာပြည့်ပြည့်နဲ့ စေ့စေ့စပ်စပ်လုပ်ဆောင်သွားတတ်ဖို့ အထူးလိုအပ်ပါတယ်။

ဆက်ရန်

# ဟာသ

## လက်စသတ်တော့

သူဌေးကြီးဟာ နေ့စွဲတွေချည်းမှတ်ထားတဲ့ ဖိုင်တစ်ခုကို သူ့ရဲ့ ကွန်ပျူတာထဲမှာ သိမ်းထားတယ်။ ဖိုင်နာမည်ကိုလည်း ပျော်စရာနေ့ရက်များလို့ အမည်ပေးထားတယ်။ အဲဒီနေ့စွဲတွေမှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာတော့ မှတ်မထားဘူး။ သူဌေးကြီးက နေ့စွဲတွေကြည့်ရင်း စဉ်းစားမရဘူးဖြစ်နေတယ်။

"ဘာတွေစဉ်းစားနေတာလဲ"

"ငါက ဒီဖိုင်ကို ဖွင့်ကြည့်ပြီးကြည်နူးချင်လို့မှတ်ထားတာကွ၊ ခုတော့အကြောင်းအရာတွေကို မေ့နေတော့ အဲဒီရက်တွေက ငါဘာလို့ပျော်ခဲ့တယ်ဆိုတာ တွေးမရတော့ဘူး"

သူဌေးကတော်ကြီးက နေ့စွဲတွေကို သေသေချာချာကြည့်လိုက်ပြီး

"အဲဒီရက်က ကျူပ်အမေ့ဆီပြန်တဲ့ရက်၊ ဒါက အိမ်ဖော်ခေါ်တဲ့ရက်၊ ဒီနေ့က......"

## ကုန်ပြီ

ကုန်သည်ကြီးလက်ဖက်ရည်ဆိုင်မှာ စိတ်ပျက်လက်ပျက်နဲ့ ထိုင်နေလို့ သူ့သူငယ်ချင်းက

"ခင်ဗျားမနေ့ကပဲ သိန်း(၈၀)ဖိုးအလုပ်ဖြစ်ထားတာ၊ ခု ဘာလို့ငြိုငြင်နေရတာလဲ"

"တပြားမှ မရှိတော့လို့ပေါ့ကွာ"

"ဟင် ဘယ်လိုဖြစ်တာလဲ"

"ငါ့မိန်းမ သိသွားတယ်လေ"

## စောစောကပြောရောပေါ့

"တို့ ငွေကို ချွေတာရမယ်၊ ဒီတော့ ကားဒရိုင်ဘာကို နားခိုင်းလိုက်မယ်၊ ကားကိုငါကိုယ်တိုင်ပဲ မောင်းတော့မယ်"

"ဒါဖြင့် အိမ်ဖော်ကောင်မလေးကိုလဲ နားခိုင်းလိုက်မယ်လေ၊ အိမ်အလုပ်တွေ ကျွန်မပဲလုပ်လိုက်မယ်"၊

"မင်းက လုပ်နိုင်မှာမို့လား"

"လုပ်နိုင်ပါတယ်"

"စောစောကပြောရောပေါ့ကွာ၊ အိမ်အလုပ်တွေ မင်းလုပ်နိုင်မှန်းသိရင် အဲဒီကောင်မလေးကို ခေါ်ခေါ်ပြီး အပျင်းပြေစကားပြောပါတယ်"

## သတ်မှတ်ပုံက

ဟိုတယ်တစ်ခုမှာ

"ဒီအခန်းက တစ်ရက်ကို ဘယ်လောက်လဲ"

"သုံးသောင်းပါ၊ ကျေနပ်သည်အထိ ပြုပြင်ပေးရရင် ငါးသောင်းပါ"

"ဒီအခန်းမှာ တည်းမယ်ကွာ" (နောက်ရက်မှာ)

"အခန်းအပ်မယ်"

"အဆင်ပြေရဲ့လားခင်ဗျာ၊ မကျေနပ်တာများ ရှိပါသေးသလား"

"မရှိပါဘူး"

"ဟုတ်ကဲ့ဒါဆို ငါးသောင်းပေးရပါမယ်"

မှတ်မိသမျှ စီးပွားရေးဟာသ (ကံချွန်)

# ပေဒင်

### ဧပြီ ၂၁ ရက် မှ မေ ၂၁ ရက် ကဆုန်လ (TAURUS) (ပြိဿရာသီဖွား)

February 12th မှ February 18th ကြား

အဆုံးသတ်ခါနီးမှ အခက်အခဲတွေ့မည်။ အလုပ်အနေအထားနှင့် ဘဝအခြေအနေကို ကမောက်ကမ ပျက်ယွင်းအောင်ပြုသောသူများနှင့်တွေ့မည်။ အကုန်အကျ၊ အပျောက်အရှများမည်။ ကိုယ့်အပေါ် ညစ်သောသူများနှင့်တွေ့မည်။ ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စအရှုပ်အထွေးများမည်။ စကားမတည်သောသူများ၊ သစ္စာမဲ့သောသူများနှင့် တွေ့မည်။ အိုးအိမ်ကိစ္စ၊ နေရာထိုင်ခင်းကိစ္စအတွက် စကားပြောဆိုရမည်။ ကြုံတွေ့နေသည့်အခက်အခဲကို ကူညီမည့်သူများ မရှိသည့်အပြင် ကိုယ့်အပေါ်အသုံးချအမြတ်ထုတ်၍ ကိုယ်ကျိုးရှာသောသူများနှင့် တွေ့မည်။ ကာလအတန်ကြာလူကောင်းဟုမှတ်ယူဆက်ဆံသောသူများ၏ အတွင်းစိတ်သဘောထားယုတ်ညံ့မှုနှင့် သဘောမှန်ကို ဖော်ထုတ်တွေ့ရှိနိုင်မည်။

### ဖေဖော်ဝါရီ ၁၉ ရက် မှ မတ် ၂၀ ရက် တပေါင်းလ (PISCES (မိန်ရာသီဖွား)

February 12th မှ February 18th ကြား

ရည်မှန်းချက်အောင်မြင်မည်။ အခက်အခဲမှန်သမျှကို ကျော်လွှားနိုင်မည်။ အကြံအစည်သစ်များကို လက်တွေ့အကောင်အထည်ဖော်၍ တိုးတက်မှုအဆင့်ဆင့်ဖြစ်ပေါ်မည်။ သူတစ်ပါးနှင့်မတူခြားနားသော လမ်းကြောင်းမှ တိုးတက်မှုရမည်။ ဖြစ်လိုသောကိစ္စများကို လက်တွေ့အကောင်အထည်ဖော်၍ တိုးတက်စေမည်။ ကိုယ့်အပေါ်ဒုက္ခပေးသောသူများကို ဖော်ထုတ်ဖယ်ရှားနိုင်မည်။ ငွေကြေးကိစ္စ၊ အလုပ်ကိစ္စလက်ပြောင်းလက်လွှဲများတွင် ကိုယ်တိုင်ကိုယ်ကျစနစ်တကျလုပ်ပါ။ ပေါ့ပေါ့တန်တန် ဆောင်ရွက်ခြင်းများရှောင်ကြဉ်ပါ။ ပျိုရွယ်သူများအလွန်စန်းပွင့်မည်။ လူချစ်လူခင်ပေါများမည်။ မိသားစုတွင်လည်းအလုပ်ကိစ္စ၊ စီးပွားကိစ္စများ ဆောင်ရွက်မှုနှင့် တိုးတက်မှု ဖြစ်ထွန်းမည်။ လုပ်ငန်းခွင်မှသူများ အလုပ်အဆင့်တိုးတက်မည်။

### မတ် ၂၁ ရက် မှ ဧပြီ ၂၀ ရက် တန်ခူးလ (ARIES) (မိဿရာသီ)

February 12th မှ February 18th ကြား

အညံ့ဆိုးလျော့နည်း၍ ကောင်းခြင်းကံပွင့်မည်။ အခက်အခဲကျော်လွှားနိုင်မည်။ လူမျိုးကွဲအကျိုးပေးမည်။ အရပ်ဝေး တိုင်းတစ်ပါးနှင့် ဆက်စပ်လုပ်သောလုပ်ငန်းများ အောင်မြင်မည်။ စတင်ဆောင်ရွက်လိုက်သည့် ကိစ္စများမှ ကောင်းသောအကျိုးဆက် ဖြစ်ထွန်းမည်။ မူလစဉ်းစားထားသည်ကတစ်မျိုး၊ လက်တွေ့ဆောင်ရွက်ရသည်ကတစ်မျိုးကြုံမည်။ ကြိုတင်ပြင်ဆင်ထားခြင်းမရှိသော လုပ်ငန်းလုပ်ရမည်။ အိုးအိမ်ကိစ္စ၊ နေရာထိုင်ခင်းကိစ္စအတွက် စကားပြောဆိုမှုများ အောင်မြင်မည်။ စိတ်ကူးသစ်များကို လက်တွေ့အသုံးချ၍ အကျိုးပေးမည်။ ယှဉ်ပြိုင်လာသူအားလုံးကို အသာတကြည်အနိုင်ရရှိမည်။ လုပ်ငန်းဟောင်းရပ်၍ အလုပ်သစ်၊ စီးပွားသစ်များ ဆောင်ရွက်ရမည်။ ပညာအတတ်နှင့် ပတ်သက်၍ ဆောင်ရွက်ခြင်းများအောင်မြင်မည်။ ပြဿနာဟောင်းများကို ပြန်လည်ဖြေရှင်းနိုင်မည်။

### ဒီဇင်ဘာ ၂၂ ရက် မှ ဇန်နဝါရီ ၂၀ ရက် ပြာသိုလ (CAPRICORN) (မကာရရာသီဖွား)

February 12th မှ February 18th ကြား

မျှော်လင့်ထားသည်နှင့် လက်တွေ့ဖြစ်ပေါ်မှုတို့ ကွာခြားနေသည်။ အရာရာအပေါ်စိတ်ရှည်စွာဆောင်ရွက်ပါမှ အဆင်ပြေမည်။ မူလရည်ရွယ်ထားသည်နှင့် ဖြစ်ပေါ်မှုတို့မတူခြားနားသည့်အပြင် မရေရာမသေချာသော ကိစ္စများကို ငွေကုန်ခံပြီး ဆောင်ရွက်နေရမည်။ မတော်တဆထိခိုက်မှုဖြစ်လွယ်သည်။ ယာဉ်ကားတို့ကို သတိနှင့်ကိုင်တွယ်ပါ။ ကတိပျက်သူများနှင့်တွေ့မည်။ ရှေ့တစ်မျိုး၊ ကွယ်ရာတစ်မျိုးဆက်ဆံသူများကြောင့်လည်း စိတ်သောကရောက်စရာများဖြစ်တတ်သည်။ မိဘဆွေမျိုးသားချင်း ကြီးကဲသူတို့၏ ကျန်းမာရေးအတွက် စိတ်သောကဖြစ်တတ်သည်။ ငွေရေးကြေးရေးအပေးအယူကိစ္စ သတိနှင့်ဆောင်ရွက်ပါ။ ကြားစိုက်လျော်ရကိန်းကြုံတတ်သည်။

### နိုဝင်ဘာ ၂၃ ရက် မှ ဒီဇင်ဘာ ၂၁ ရက် နတ်တော်လ (SAGITTARIUS) (ဓနုရာသီဖွား)

February 12th မှ February 18th ကြား

မတော်တဆထိခိုက်မှုအန္တရာယ်များဖြစ်တတ်သည်။ ယာဉ်ကားမောင်းနှင်မှုသတိပြုပါ။ ဆိုင်ကယ်စီးနှင်းသောအခါတွင် ဦးခေါင်းအကာအကွယ် ဦးထုပ်အား ဆောင်းဖြစ်အောင်ဆောင်းပါ။ လမ်းမပေါ်တွင် စက်ဘီးချင်းရင်ဘောင်တန်းပြီးစီနင်းခြင်းမပြုရ။ လမ်းကူးလမ်ဖြတ်သတိရှိပါ။ အရပ်ဝေးနှင့်တိုက်ရိုက်ဆက်စပ်ပြီး အလုပ်ကိစ္စများ အဆင်ပြေမည်။ ဆိုင်းငံ့ထားသည်များ ပြန်လည်ဆောင်ရွက်နိုင်မည်။ အခက်အခဲများ အဆင့်ဆင့်တိုးတက်မည်။ ကြန့်ကြာနေသောကိစ္စများကို အဆုံးသတ်ပြီးမြောက်အောင်ဆောင်ရွက်နိုင်သော အနေအထားရှိမည်။ အိမ်အနီးအပါးတွင်ရှိသော နာရေးကိစ္စတစ်ခုအား တတ်အားသမျှကူညီခြင်းပြုပါ။ မိမိတွင်ရှိနေသော အဆိုးအညံ့များကင်းစင်သွားသည့် ကုသုလ်အကျိုးဆက်ရမည်။

### အောက်တိုဘာ ၂၄ ရက် မှ နိုဝင်ဘာ ၂၂ ရက် တန်ဆောင်မုန်းလ (SCORPIO) (ဗြိစ္ဆာရာသီ)

February 12th မှ February 18th ကြား

အခက်အခဲအားလုံးကို ကျော်လွှားနိုင်မည်။ ရည်မှန်းချက်သစ်များအကောင်အထည်ဖော်နိုင်မည်။ ရန်အနှောင့်အယှက်များတွေ့မည်။ စိတ်ကူးထားသည်နှင့် လက်တွေ့ဆောင်ရွက်မှုများကွာဟနေမည်။ မတော်တဆထိရှမှု အန္တရာယ်များဂရုစိုက်ရမည်။ တစ်ပါးသူပြဿနာအခက်အခဲများကြား ဝင်ပတ်သက်ရကိန်းကြုံမည်။ အပျောက်အရှများမည်။ အရေးကြီးသောစာရွက်စာတမ်း၊ ငွေကြေးကိစ္စများကို သတိနှင့်ယှဉ်၍ လုပ်ကိုင်ပါ။ မိမိအားအနှောင့်အယှက်ပေးသောသူ၊ ဒုက္ခပေးသောသူမှန်သမျှသည် အတွင်းလူ၊ အနီးကပ်လူများသာဖြစ်သည်။ ယုံကြည်မှုကို အလွဲသုံးစားလုပ်များနှင့်တွေ့မည်။ မိသားစု၊ မောင်နှမသားချင်းကိစ္စရေးရာအဖြာဖြာကို တာဝန်ယူရမည်။

### စက်တင်ဘာ ၂၃ ရက် မှ အောက်တိုဘာ ၂၃ ရက် သီတင်းကျွတ်လ (LIBRA) (တူရာသီဖွား)

February 12th မှ February 18th ကြား

ခရီးကိစ္စဆောင်ရွက်ရမည်။ ထူးခြားသောအပြောင်းအလဲများ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်းကြုံမည်။ လူမျိုးကွဲအကျိုးပေးမည်။ စိတ်ကူးသစ်နှင့်လုပ်ကိုင်ခြင်းမှ တိုးတက်သောအနေအထားရှိမည်။ အကုန်အကျများမည်။ ငွေလက်လွန်တတ်သည်။ ငွေကြေးကိစ္စစကားပြောရမည်။ ရင်းနှီးသောသူများနှင့် စကားများရမည်။ သစ္စာဖောက်ခံရမည်။ ကတိမတည်သူများနှင့်တွေ့မည်။ စကားအမျိုးမျိုးပြောသူများနှင့်တွေ့မည်။ အလုပ်အကြံအစည်များ နောက်ဆုံးအနေအထားရောက်မှ အနှောင့်အယှက်များကြုံမည်။ ရသင့်လျှက်ကြန့်ကြာနေသည်များ ပြန်ရလင့်ကစား အနှောင့်အယှက်ကြုံပြီးမှ အဆင်ပြေမည်။

### မေ ၂၂ ရက် မှ ဇွန် ၂၁ ရက် နယုန်လ (GEMINI) (မေထုန်ရာသီဖွား)

February 12th မှ February 18th ကြား

အနှောင့်အယှက်ပေးသောသူများကြားမှ လိုရာဆောင်ရွက်နိုင်မည်။ မိတ်ကောင်းဆွေကောင်း အထောက်အကူရမည်။ စကားပြောဆိုမှုများအောင်မြင်မည်။ တေးဂီတဆိုင်ရာ အနုပညာနှင့်ပတ်သက်သော ပစ္စည်းတခုခုလက်ဆောင်ရက အထူးကောင်းသော နိမိတ်ဖြစ်သည်။ ထိုသို့ ရရှိပြီးရက်ပိုင်းအတွင်း ထူးခြားသော တိုးတက်မှုများ တက်တိုက်ရမည်။ အလွန်စန်းပွင့်မည်။ မေတ္တာဓာတ်နှင့် ပီယဓာတ်ပွင့်သည်။ သို့သော် ဤကာလအတွင်းပေါ်သော မေတ္တာရေးရာတွင် ဘေးစကားသွေးသားတခုခု ကြားဝင်ဖျက်၍ စိတ်ပင်ပန်းရခြင်းကြုံမည်။ ထူးခြားသော အိပ်မက်ဆန်းများ မြင်မက်မည်။ ဖြစ်ရပ်ဆန်းများကြုံမည်။

### ဩဂုတ် ၂၄ ရက် မှ စက်တင်ဘာ ၂၂ ရက် တော်သလင်းလ(VIRGO)(ကန်ရာသီဖွား)

February 12th မှ February 18th ကြား

ပဋိပက္ခများရှိမည်။ ရန်အတိုက်အခံများနှင့်ယှဉ်ပြီး လုပ်ကိုင်ရမည်။ သူတစ်ပါးစကား နားယောင်၍ မှားယွင်းသော ဆုံးဖြတ်ချက်များချမှတ်မိမည်။ အိမ်ထောင်ရေး၊ အချစ်ရေးပဋိပက္ခဖြစ်နေသူ နှစ်ဦးအကြား ကြားဝင်ဖြန်ဖြေညှိနှိုင်းပေးရခြင်း ကြုံမည်။ မရည်ရွယ်ဘဲဘာသာရေးကိစ္စ၊ အလှူအတန်းကိစ္စများ လုပ်ကိုင်ဆောင်ရွက်ရခြင်းကြုံမည်။ ပျိုရွယ်သူများအဖို့ ပီယဓာတ်မြင့်မား၍ လူချစ်လူခင်ပေါနေမည်။ ဆွဲဆောင်မှုအားကောင်းနေမည်။ မေတ္တာရေးကံကောင်းမည်။ အနာဂတ်ဖြစ်ပျက်မှုများနှင့် စပ်လျှင်းနိမိတ် ပေးသော အိပ်မက်ထူးများ မြင်မက်မည်။ ထူးခြားအံ့သြဖွယ်ဖြစ်ရပ်များ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာမည်။ ဆန်းကြယ်သော ဖြစ်ရပ်ဆန်းများနှင့်လည်းကြုံမည်။ အကျိုးပေးသောအဆောင် လက်ဖွဲ့ကဲ့သို့သော ပစ္စည်းလက်ဆောင်ရရှိမည်။

### ဇူလိုင် ၂၃ ရက် မှ ဩဂုတ် ၂၃ ရက် ဝါခေါင်လ (LEO) (သိဟ်ရာသီဖွား)

February 12th မှ February 18th ကြား

ပျိုရွယ်သူများအဖို့ မေတ္တာရေးအထူးကံကောင်းမည်။ မိသားစုအတွက် စိတ်ချမ်းမြေ့စရာများဖြစ်ပေါ်လာမည်။ ဖြစ်လာလိမ့်မည်ဟု လုံးဝမမျှော်လင့်ထားသော ကောင်းခြင်းဖြစ်ရပ်များဖြစ်မည်။ ပြန်ရလိမ့်မည်ဟု မျှော်လင့်ချက်လုံးဝမထားသော ငွေပစ္စည်းများ ပြန်လည်ရမည်။ ဝန်းကျင်မှမထင်မှတ်သူပြည်ပသွားရ၍ တအံ့သြဖြစ်ရမည်။ ဖြစ်ပေါ်လာသော အပြောင်းအလဲများသည် ဘဝအနေအထားအား ထင်ရှားစွာ တိုးတက်ခြင်းသို့ ရောက်ရှိမည်။ လမ်းသုံးခွဆုံသောနေရာတခုမှ အစားအသောက်တခုကို စားရလိမ့်မည်။ ထိုသို့ကြုံပြီးရက်ပိုင်းအတွင်း ကံကောင်းခြင်းနှင့် တိုးတက်ခြင်းများ အထင်အရှားရလာမည်။ အလုပ်သစ်အခွင့်အရေးသစ်များပေါ်မည်။ တပြိုင်နက်တည်းအလုပ်သုံးမျိုးကို ဆောင်ရွက်နိုင်ခြင်းရှိမည်။ အလုပ်အတွင်းအပြောင်းအလဲ၊ အကြံအစည်များကို ထူးခြားသော ကံကောင်းမှုနှင့်ကြုံမည်။

## ဇွန် ၂၂ ရက် မှ ဇူလိုင် ၂၂ ရက် ဝါဆိုလ (CANCER) (ကရကဋ်ရာသီ)

February 12th မှ February 18th ကြား

အလွဲလွဲအချော်ချော်ဖြစ်မည်။ ဆောင်ရွက်နိုင်သောအရည်အသွေးရှိလင့်ကစား စိတ်တိုင်းကျမလုပ်နိုင်။ သူတစ်ပါးကြောင့် စိတ်သောကဖြစ်စရာများကြုံရပေမည်။ စီးပွားရေးနှင့်ပတ်သက်သော ကိစ္စမှန်သမျှ သတိနှင့်ဆောင်ရွက်ပါ။ အရှုံးပေါ်တတ်သည်။ ဆုံးဖြတ်ချက်မှားတတ်သည်။ လုပ်ငန်းတွင် အဆင့်မြင့်တက်လင့်ကစား စိတ်တိုင်းမကျစရာဖြစ်မည်။ ပစ္စည်းပျောက်တတ်သည်။ ငွေလိမ်ခံရမည်။ မိသားစုကျန်းမာရေးအတွက် စိတ်ရှုပ်စရာများ ကြုံရမည်။ ငွေကြေးအပေးအယူမှားယွင်းတတ်သည်။ ကျန်းမာရေးအညံ့ရှိမည်။ မတော်တဆထိခိုက်မှုအန္တရာယ်ဖြစ်တတ်သည်။ ဆွေမျိုးသားချင်း၊ မိတ်ဆွေရင်းကြောင့် ပြဿနာဖြစ်တတ်သည်။

## ဇန်နဝါရီ ၂၁ ရက် မှ ဖေဖော်ဝါရီ ၁၈ ရက် တပို့တွဲလ (AQUARIUS) (ကုမ်ရာသီဖွား)

February 12th မှ February 18th ကြား

အပြောင်းအလဲများဖြစ်ပေါ်လာမည်။ အညံ့အဆိုးနှင့် အဆင်မပြေမှုသောကိစ္စရပ်များ ရပ်တန့်၍ ကောင်းခြင်းဘက်သို့ အထူးပြုဖြစ်ပေါ်မည်။ စိတ်ကူးသစ်များကို လက်တွေ့ကျကျ ဆောင်ရွက်နိုင်သောအနေအထားရှိမည်။ ငွေရေးကြေးရေးလုပ်ငန်းရေးရာအဖြာဖြာတွင် သတိနှင့်ယှဉ်၍ ဆောင်ရွက်ရန်သင့်သည်။ သူတစ်ပါးကြောင့် မိမိအကြံအစည်များ နှောင့်နှေးသွားနိုင်သည်။ အကူးအပြောင်းကိစ္စများ၊ တစ်ပါးသူနှင့် ပူးပေါင်းလုပ်သောကိစ္စများတွင် ထူးခြားသော တက်လမ်းများအခိုင်အမာရရှိမည်။ စိတ်ကူးကောင်းအချို့ကို လက်တွေ့ဆောင်ရွက်ရန် ခဲယဉ်းနေဆဲဖြစ်မည်။ စိတ်ရှည်ရမည်။ အနီးကပ်လူ၊ အတွင်းလူများမှ အမှုပြဿနာများ အခက်အခဲများဖြစ်အောင် ဆောင်ရွက်ခြင်းကြုံမည်။ လူလိမ် လူကောက်အန္တရာယ်အထူးသတိရှိရမည်။

# အားကစား

## တက္ကသိုလ်၊ ဒီဂရီ ကောလိပ်များ တင်းနစ် ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

ပညာရေးဝန်ကြီးဌာနအဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်များတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၀ ရက်နေ့ နံနက် ၁၁ နာရီတွင်ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိတက္ကသိုလ်များ တင်နစ်ကွင်း(သထုံလမ်း)၌ ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့်အမှုဆောင်များ၊အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်ဦးဇော်ဌေးနှင့် တာဝန်ရှိသူများ၊ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။ ဗိုလ်လုပွဲများ အပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက၊ မြို့ခတော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမျိုးသားအသင်းလိုက် ပြိုင်ပွဲတွင် ပူးတွဲတတိယ ရရှိကြသောရန်ကုန်တက္ကသိုလ်အသင်းနှင့်ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်အသင်း၊ ဒုတိယရရှိသောရန်ကုန်ပညာခရေးတက္ကသိုလ်(ခ)အသင်းနှင့် ပထမရရှိသောရန်ကုန်ပညာရေးတက္ကသိုလ်(က) အသင်းတို့အားဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။ဆက်လက်၍မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌကအမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲတတိယ ရရှိကြသော ရန်ကုန်ပညာရေး တက္ကသိုလ်(က) အသင်းနှင့်ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်အသင်း၊ ဒုတိယ ရရှိသော ရန်ကုန်စီးပွားရေး တက္ကသိုလ်အသင်းနှင့်ပထမရရှိသော ဒဂုံတက္ကသိုလ်အသင်းတို့အားလည်းကောင်း၊ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတွင် အနိုင်ရရှိကြသူများနှင့် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင်အနိုင်ရရှိကြသူများအားလည်းကောင်း တာဝန်ရှိသူတို့ကဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပူးတွဲတတိယရရှိကြသော ဇော်ကိုကိုထက်(ရန်ကုန်ပညာရေးတက္ကသိုလ်)နှင့် ဖွဲ့ ဇာနည်အောင်(ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဒုတိယရရှိသော မျိုးမင်းအောင်(ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)၊ပထမရရှိသော အောင်ဘိုမင်း(ရန်ကုန်ပညာရေးတက္ကသိုလ်)၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ပူးတွဲတတိယရရှိကြသော အိအိခိုင်(ရန်ကုန်ညာရေးတက္ကသိုလ်)နှင့်သက်မာထွန်း(ဒဂုံတက္ကသိုလ်)၊ ဒုတိယရရှိသော ချစ်သက်စု (ရန်ကုန်စီးပွားရေးတက္ကသိုလ်) နှင့်ပထမရရှိသော ခိုင်ငြိမ်းသာ(ဒဂုံတက္ကသိုလ်)တို့အားတာဝန်ရှိသူတို့က ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

## အာရှကလပ်များ ချန်ပီယံ ဘောလုံးပြိုင်ပွဲ မြန်မာက အိမ်ရှင်အဖြစ် ပထမဆုံးလုပ်မည်

ကန်ဒေါ်လာတစ်သိန်းအကုန်ကျခံကာအာရှကလပ်များ ချန်ပီယံ( AFC)ဘောလုံးပြိုင်ပွဲကို မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် ပထမဆုံးလက်ခံ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ အုပ်စုတွင်းပြိုင်ပွဲများကို မေလတွင် ကျင်းပမည်ဖြစ်ရာ ပြည်တွင်း MNL ဘောလုံးပြိုင်ပွဲချန်ပီယံ ရတနာပုံအက်ဖ်စီအသင်းအဆိုပါပြိုင်ပွဲသို့ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရထား၍ အုပ်စုတွင်းပြိုင်ပွဲများနှင့် ဗိုလ်လုပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် အာရှဘောလုံးအဖွဲ့ချုပ်သို့တင်ပြ တောင်းဆိုထားကြောင်း သိရသည်။ " အုပ်စုအတွင်း ပြိုင်ပွဲတွေကို မေလမှာ လုပ်မယ်၊ တစ်အုပ်စု အသင်းလေးသင်းပါမှာဆိုတော့ လာကစားမယ့်သုံးသင်းအတွက်နေထိုင်စားသောက်စရိတ်ကိုတာဝန်ယူပေးမယ်။ AFC ကအသင်းတစ်သင်းကိုဒေါ်လာ၁၅၀၀၀ ထောက်ပံ့ပေးတယ်။ပြိုင်ပွဲလုပ်ဖို့အတွက် ဒေါ်လာတစ်သိန်းလောက် သုံးစွဲဖို့မှန်းထားပါတယ်" ဟု ရတနာပုံအက်ဖ်စီအသင်းပိုင်ရှင် ဒေါက်တာ စိုင်းဆမ်ထွန်းက ရှင်းပြသည်။ယင်းကဲ့သို့ AFC ပြိုင်ပွဲအိမ်ရှင်အဖြစ်လက်ခံကျင်းပရေး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ပူးပေါင်းကာ စတင်စီစဉ်နေပြီ ဖြစ်ကြောင်းကို ဘောလုံးအဖွဲ့ချုပ် မီဒီယာအရာရှိဦးစိုးမိုးကလည်း" အာရှတိုက်အတွင်း လိဂ်ပြိုင်ပွဲတွေကချန်ပီယံရထားတဲ့ကလပ်အသင်းတွေပြိုင်မယ့်ပွဲပါ။ လုပ်နိုင်ဖို့အတွက် ကွင်းလဲရှိပြီးသား။ သုဝဏ္ဏ၊ ဗထူးကွင်းတွေမှာ လုပ်လို့ရတယ်။အာရှဘောလုံးအဖွဲ့ချုပ်ရဲ့ အိမ်ရှင်လုပ်ခွင့်ရ စည်းကမ်းတွေကိုလိုက်နာဖို့ တောင်းဆိုထားတယ်။ ဒီပြိုင်ပွဲအတွက် ရတနာပုံကအကုန်အကျခံတာဝန်ယူပြီးဘောလုံးအဖွဲ့ချုပ်က ဦးဆောင် လုပ်ကိုင်သွားဖို့စီစဉ်နေတယ်"ဟုပြောသည်။အုပ်စုပတ်လည်ပြိုင်ပွဲများအတွက် ရတနာပုံအသင်းယှဉ်ပြိုင်ရမည့် ပွဲများကိုမန္တလေးဗထူးကွင်းတွင်ကစားမည်ဖြစ်ပြီး ကျန်သုံးသင်းပတ်လည် ပြိုင်ပွဲများကိုရန်ကုန်သုဝဏ္ဏကွင်းတွင်ကျင်းပရန်စီစဉ်ထားသည်ဟုပွဲစီစဉ်မည့် ဒေါက်တာစိုင်းဆမ်ထွန်းက ပြောသည်။ " အုပ်စုကနေ ရတနာပုံတက်ပြီး ဗိုလ်လုပွဲ ရောက်နိုင်မယ်ဆိုရင်လဲဗိုလ်လုပွဲကို အိမ်ရှင်ဖြစ်အောင်ထပ်တောင်းပါမယ်။အိမ်ရှင်ဖြစ်တဲ့အတွက်ကိုယ့်အသင်းက တစ်ပန်းအသာစီး ရနေမှာပါ" ဟုဆိုကြောင်း ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်)ဂျာနယ်တွင် ဖော်ပြထားပါသည်။

# အနုပညာ

## ဂျာနယ်တစ်စောင်က ကိုယ့်လိုရာကို ဆွဲပြီးရေးခဲ့လို့ ဆုံးရှုံးနစ်နာမှုတွေ ကြုံခဲ့ရဖူးတဲ့ မယ်လိုဒီ

သူမသည် အနုပညာလောကသို့ မော်ဒယ်တစ်ယောက်အနေဖြင့် စတင်ဝင်ရောက်ခဲ့သည်။ Miss Romason ပြိုင်ပွဲတွင်သူမ၏ အောင်မြင်မှုတွေ စတင်သည်။ သူမသည် ရဲဝင်သောစိတ်ဓာတ်၊ ယုံကြည်ချက်ခိုင်မာစွာ ရပ်တည်သည်။ ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားတွေမှာလည်း သူမ၏သရုပ်ဆောင်မှုကို ပရိသတ်က လက်ခံသည်။ ယခုအခါသူမက ဂီတဘက်တွင်မှာပါ သီချင်းတွေဆိုလာသည်။ တေးစီးရီးတွေကို ကိုယ်တိုင်ထုတ်လုပ်လာသည်။ ကိုယ်လုပ်ချင်တဲ့ အနုပညာအလုပ် တွေကို လုပ်နေရရင် ပျော်နေတတ်သည့်သူမနှင့်ခဏတာတွေ့ဆုံခဲ့ရာ.......

မေး- အခုနောက်ပိုင်း မျိုးမျိုးက ဂီတဘက်ကို အာရုံပိုစိုက်လာသလားလို့။

ဖြေ- ဟုတ်ပါတယ်။ မျိုးကိုယ်တိုင်လည်း သီချင်းတွေဆိုတယ်။ အခွေတွေကိုလည်း ပရိုဂျူဆာလုပ်ပြီး ထုတ်မယ်။ အရည်အချင်းရှိသူတွေကိုလည်း မျိုးအခွေတွေမှာ ဝင်ဆိုခိုင်းမယ်။

မေး- သရုပ်ဆောင်ဘက်ကို စိတ်မပါတော့ဘူးလား။

ဖြေ- အဲဒီလိုလည်း မဟုတ်ပါဘူး။ သရုပ်ဆောင်ဆိုတာက ပရိသတ်လက်ခံအားပေးမှ၊ ဒါရိုက်တာတွေ၊ ပရိုဂျူဆာတွေ ငှားမှရိုက်ရတာပေါ့။ ပရိသတ်က လက်ခံသရွေ့ မျိုး သရုပ်ဆောင်လုပ်သွားမှာပါ။

မေး- အခုလုပ်နေတဲ့အခွေက မျိုးတစ်ယောက်ထဲလား။

ဖြေ- မဟုတ်ဘူး။ အတွဲခွေလေးပါ။ မျိုးအပြင်အခြားသူတွေ အများကြီးပါသေးတယ်။

မေး- ဒီအခွေက ဘယ်တော့လောက်ထွက်မလဲ။ Title ရော ပေးပြီးပြီလား။

ဖြေ- (၃)လပိုင်းလောက်တော့ ထွက်နိုင်အောင် ကြိုးစားနေတယ်။ Title ကစဉ်းစားတုန်းပဲ။

မေး- ပထမခွေကိုလည်း မျိုး ပရိုဂျူဆာလုပ်ခဲ့သေးတယ်နော်။ အဲဒီအခွေတုန်းကရော မျိုးအတွက် အောင်မြင်မှုရခဲ့လား။

ဖြေ- အဲဒီအခွေက မအောင်မြင်ခဲ့ပါဘူး။ အဓိကအကြောင်းရင်းက လူသိနည်းတာပေါ့။ သီချင်းတွေအားလုံးကောင်းတယ်။ မျိုးတို့ဘက်က ပရိုမိုးရှင်းလုပ်တာလည်း အားနည်းတော့ ပရိသတ်က သိပ်မသိလိုက်ဘူး။ ပိုဆိုးတာက ဂျာနယ်တစ်စောင်မှာမျိုးက မျိုးမွေးနေ့ကျရင် မျိုးထုတ်လုပ်မယ့် အချစ်ဆုံးသို့အခွေကို မိတ်ဆက်ပေးမယ်လို့ ပြောခဲ့တာကို အဲဒီဂျာနယ်က မျိုးက မျိုးမွေးနေ့မှာ မျိုးရဲ့အချစ်ဆုံးရည်းစားနဲ့မိတ်ဆက်ပေးမယ်ဆိုပြီး သူတို့လိုရာဆွဲရေးခဲ့တော့ ပရိသတ်က တစ်လွဲထင်ကုန်တာပေါ့။ မျိုးအတွက်လည်း စီးရီးကို မိတ်ဆက်ပေးချင်တာ ရည်းစားကိုမိတ်ဆက်ပေးသလိုဖြစ်ခဲ့ရတော့ တော်တော်လေး ဆုံးရှုံးနစ်နာခဲ့ရပါတယ်။

မေး- အခုအခွေအပေါ် မျှော်လင့်ချက်ကရော။

ဖြေ- မျိုးတို့ဘက်က အကောင်းဆုံးဖြစ်အောင် လုပ်နေပါတယ်။ အဲဒီအတွက် အကောင်းဆုံးကို မျှော်လင့်ထားတာပေါ့(ရယ်လျက်)။

မေး- ရှေ့ဆက်ပြီး မျိုးလျှောက်လှမ်းသွားမယ့် အနုပညာလမ်းခရီးက။

ဖြေ- သရုပ်ဆောင်အနေနဲ့ကတော့ မျိုး Perfect ဖြစ်တဲ့သူတစ်ယောက်မဟုတ်ပါဘူး။ ပရိသတ်ကချစ်လို့ လက်ခံထားတဲ့ သရုပ်ဆောင်ပါ။ အဲဒီအတွက် ပရိသတ်က မျိုးကို လက်ခံနေသရွေ့၊ ပရိုဂျူဆာတွေ၊ ဒါရိုက်တာတွေ လာငှားနေသရွေ့ မျိုးဘက်က ကြိုးစားသွားမှာပါ။ သီချင်းနဲ့ပတ်သက်လို့ကတော့ မျိုးကိုယ်တိုင်မဆိုရင်တောင် ကောင်းတဲ့သူတွေ၊ တော်တဲ့သူတွေကို မျိုး ပရိုဂျူဆာလုပ်ပြီး အခွေထုတ်ပေးသွားမှာပါ။

(၂၀၁၀ခုနှစ်ဖေဖော်ဝါရီလ ရေက်နေ့ထုတ် The Loveဂျာနယ်)

## ဖေဖော်ဝါရီလအတွင်း ကျင်းပပြုလုပ်မယ့် ကရဝိတ်ဥယျာဉ်ကမ္ဘာရဲ့ ဖျော်ဖြေပွဲ

ရန်ကုန်မြို့၊ ကရဝိတ်ဥယျာဉ်ကမ္ဘာမှာ ယခုနှစ်ဖေဖော်ဝါရီလအတွင်း တရုတ်ရိုးရာနှစ်သစ်ကူးပွဲတော်အတွက် စိတ်ဝင်စားစရာကဏ္ဍမျိုးစုံအပြင် 547 စျေးရောင်းပွဲတော်၊ Life Plus ဆပ်ပြာ ပရိုမိုးရှင်းစတဲ့ပွဲများ ကျင်းပသွားဖို့ရှိပါတယ်။ အဲဒီပွဲသတင်းများနဲ့ပတ်သက်ပြီး ကရဝိတ်ဥယျာဉ်ကမ္ဘာမှ တာဝန်ရှိသူတစ်ဦး အား ဆက်သွယ်စုံစမ်းကြည့်တဲ့အခါ ၆-၂-၂၀၁၀နေ့မှ ၁၄-၂-၂၀၁၀နေ့အထိ တရုတ်ရိုးရာမုန့်မျိုးစုံ၊ တရုတ်နှစ်သစ်ကူးကုန်မျိုးစုံ၊ Face Painting၊ ကြွေပေဒင်၊ တဲရော့ပေဒင်၊ ပုံတူပန်းချီ၊ Nail art၊ ပန်းနှင့် အရုပ်မျိုးစုံ၊ MP 3, MP 4 သီချင်းမျိုးစုံနှင့် Ring Tons အမျိုးမျိုးသွင်းပေးတဲ့ဆိုင်၊ မိမိစိတ်ကြိုက်ကဗျာနဲ့ လက်ဆောင်ပေးနိုင်တဲ့ ကဒ်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချပေးမှာဖြစ်ကြောင်း၊ ၁၀- ၂-၂၀၁၀ နေ့မှ ၁၄-၂- ၂၀၁၀နေ့အထိ 547စျေးရောင်းပွဲတော်၊ ၁၂-၂-၂၀၁၀ Mini Zoo တွင်ကျင်းပမယ့် All Music Live Show ၊ ၁၃-၂-၂၀၁၀ နေ့မှ မိုးနဂါးအဖွဲ့ရဲ့ တရုတ်နဂါးအကဖျော်ဖြေမှု၊ ၂၀-၂-၂၀၁၀နေ့မှာ M & GH Internaional Ltd.,Trade Show၊ ၂၇-၂-၂၀၁၀ နေ့မှာ Life Plus ဆပ်ပြာ ပရိုမိုးရှင်းနဲ့ ကုမ္ပဏီ(၁၀)နှစ်ပြည့်အတွက် Lazy Club Band နဲ့အတူ Rဇာနည်၊ ဖြူဖြူကျော်သိန်း၊ ရဲလေး၊ ဟဲလေး၊ သီရိဆွေ၊ ငယ်ငယ်၊ ဂျောက်ဂျက်၊ ဂျဲနီ၊ ထက်နေခြည်၊ ကိုကိုမောင်၊ ခိုင်ရွှေဝါ၊ မိနိုတို့ရဲ့ တေးသီချင်းသီဆိုဖျော်ဖြေမှု၊ ၂၈-၂-၂၀၁၀ နေ့မှာ ကျားပေါက် Big Bag ရဲ့ Telepunk Pro motion(Free show)များ ကျင်းပသွားဖို့ရှိကြောင်း ၂၀၁၀ခုနှစ်ဖေဖော်ဝါရီလ ရေက်နေ့ထုတ် The Loveဂျာနယ်တွင်ဖော်ပြထားပါသည်။